မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၃ခုနှစ် ဧပြီဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၂၂)၊ ၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်၊ ၂၆-၁၀-၂၀၂၆၊ တနလာနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအဓမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရုစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ကျွဲလေးပါးတည်း။) (၁မ္မပဒ)

ယနေ့ ဖတ်စရာ အညွှန်း

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ပဟိုအဆင့်) ပြိုင်ပွဲများ ဆက်လက်ကျင်းပ

စာမျက်နှာ ၆

ဟာလန်းပရီးမီးယားလိဂ် ခုနစ်ပွဲဆက်ဂိုးသွင်းယူနိုင်သည့် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်

စာမျက်နှာ ၉



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဝါသနာရှင်အဆင့်(ဒုတိယတန်း) (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် ချီးပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးက ချစ်သမျှကို(ပတ်ဖျိုး)သီချင်းဖြင့် သာယာနာပျော်ဖွယ်တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆင်ဖြူရှင်ခန်းမနှင့် ပုဗ္ဗသီရိ တပ်နယ်အားကစားခန်းမတို့၌ ကျင်းပလျက်ရှိသည့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၃ သို့

ညောင်ဦးမြို့နယ် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ သီတင်းကျွတ် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပွဲတော်သို့ လူဦးရေ နှစ်သိန်းကျော်လာရောက်


ညောင်ဦး အောက်တိုဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ခြင်းကို အောက်တိုဘာ ၂၅ ရက် ည ၆ နာရီက ရွှေစည်းခုံဘုရားကြီး ကွင်းပြင်ကျယ်နှင့် အလိုတော်ပြည့် ဘုရား ကွင်း(၁)၊ ကွင်း(၂)တို့တွင် ကျင်းပရာ မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူး လာရောက်မှု များပြားကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ခြင်းအား အောက်တိုဘာ ၂၅၊ ၂၆၊ ၂၇ ရက် သုံးရက်တိတိ သီတင်းကျွတ်မီးထွန်းပွဲတော်ကို ကျင်းပသွားမည်ဖြစ်ရာ အောက်တိုဘာ ၂၅ ရက်မှာပင် သီတင်းကျွတ် ရုံးပိတ်ရက်အတွင်း ခရီးသွားဘုရားဖူးများ လူဦးရေ လာရောက်မှုများပြားခဲ့ကြောင်း သိရသည်။

သီတင်းကျွတ်ကာလ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်များနှင့်အတူ ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ သမိုင်းအထင်ကရ ဘုရားများ၊ သာသနိကအဆောက်အအုံများ၊ သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပသည့် ဘုရားများနှင့် မီးပုံးပျံလွှတ်တင်ရေးကွင်းများတွင် လာရောက်သူများပြားနေပြီး မီးပုံးပျံတစ်ထောင်လွှတ်တင်ခြင်း၊ ရိုးရာမုန့်အရောင်းဆိုင်များနှင့် MSMEsအရောင်းဆိုင်များတွင် ဝယ်ယူသူများပြားခဲ့ကြောင်း၊ အဆိုပါ မီးပုံးပျံလွှတ်တင်ရေးကွင်းသို့ ဒုတိယဝန်ကြီး(ငြိမ်း)ဒေါ်နုမြဖေ၊ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညီနှင့် ခရိုင်ကော်မတီဝင်များ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်တို့က မီးပုံးပျံများလွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

(၄၈၁)



အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်

နေပြည်တော် အောက်တိုဘာ ၂၅

အားကောင်းသောမုန်တိုင်းငယ်အခြေအနေ

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် တောင်-အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။

စာမျက်နှာ ၅ သို့

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၅

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/၈၁

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ တနလ်းနေ့။

သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့

ယနေ့သည် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)ဖြစ်သည်။ ဂေါတမဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ်၊ ဝါဆိုလပြည့် ညနေပိုင်းတွင် တာဝတိံသာနတ်ပြည်သို့ ကြွချီတော်မူခဲ့သည်။

မယ်တော်မိနတ်သားအား အဘိဓမ္မာတရားတော်ကို ဟောကြားခြင်းဖြင့်ကျေးဇူးဆပ်ရန်ဖြစ်သည်။ သတ္တမဝါကပ်တော်မူပြီး မယ်တော်မိနတ်သားနှင့်တကွ နတ်ပြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကိုဟောကြားတော်မူရာ သီတင်းကျွတ်လပြည့်နေ့တွင်ပြီးဆုံးခြင်းသို့ ရောက်တော်မူခဲ့သည်။

မြန်မာတို့၏ ၁၂ လရာသီ ယဉ်ကျေးမှုပွဲတော်များတွင် သီတင်းကျွတ် မီးထွန်းပွဲတော်သည် ဘာသာတရားကို အခြေခံသည့် မွန်မြတ်သော အစဉ်အလာပွဲတော်တစ်ခုဖြစ်သည်။ သီတင်းကျွတ်မီးထွန်းပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၄ ရက်(အဖိတ်နေ့)၊ သီတင်းကျွတ်လပြည့်နေ့နှင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပကြလေသည်။ သီတင်းကျွတ်ပွဲတော်ကာလတွင် ဘုရား၊ ကျောင်း၊ ဓမ္မာရုံ၊ တိုက်တာ၊ အိမ်ရာ၊ အဆောက်အအုံများ၌ ဆီမီးထွန်းကြသည်။

သီတင်းကျွတ်လပြည့်နေ့သည် ပြီးခဲ့သည့် ဝါဆိုလပြည့်နေ့မှစ၍ ဝါဆိုဝါကပ်တော်မူခဲ့သော ရဟန်းသံဃာတော်များ ဝါတွင်းသုံးလပြည့်မြောက်ပြီး ဝါထွက်တော်မူသည့်နေ့ဖြစ်သည်။ ရဟန်းသံဃာတော်များ ဝါတွင်းသုံးလ သီတင်းသုံးရာမှ ကျွတ်လွတ်သောကာလကို ဝါကျွတ်ကာလဟု ဆိုသည်။

သီတင်းကျွတ်လပြည့်နေ့သည် ရဟန်းသံဃာတော်များအတွက် ဝါလကင်းလွတ်သောနေ့။ ဝေနေယျသတ္တဝါများအတွက် မြတ်စွာဘုရားရှင်ကို ရည်မှန်း၍ မိခင်ကျေးဇူးဆပ်သောနေ့။ ဓမ္မဒေသနာအဆီအနှစ် အဘိဓမ္မာတရား စတင်နာကြားရသည့်နေ့ အဘိဓမ္မာအခါတော်နေ့ဖြစ်သည်။ မြတ်စွာဘုရားရှင် အဘိဓမ္မာတရားဟောကြားပြီး၍ ဝါကျွတ်သောအခါ သိကြားမင်း ဖန်ဆင်းသည့် စောင်းတန်းသုံးသွယ်ဖြင့် လူ့ရွာသက်သနဂိုရုံ ပြည်သို့ နတ်ပြဟ္မာအပေါင်းခြံရံလျက် ဆင်းသက်တော်မူသည်။ မင်းနှင့်တကွသော ပြည်သူတို့သည် ဆီမီးတန်ဆောင်ထွန်းညှိကာ မြတ်စွာဘုရားရှင်အား ကြိုဆိုကြလေသည်။ ဤသီတင်းကျွတ်လတွင် သက်သနဂိုရုံမှ မင်းနှင့်တကွသော ပြည်သူတို့သည် မြတ်စွာဘုရားရှင်အား ဆီမီးတန်ဆောင်ညှိထောင်ထွန်းလင်းပူဇော်ခြင်းဟူသော အစဉ်အလာအတိုင်း ထိုအချိန်ကာလမှစ၍ နှစ်ပေါင်းထောင်ချီ ဂိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် သီတင်းကျွတ်ကာလတွင် မီးထွန်းပွဲတော်ကျင်းပကြသည်။ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောကြားတော်မူခဲ့သည်ကို အကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့မြတ်သတ်မှတ်ကာ ပူဇော်ကြလေသည်။

သီတင်းကျွတ်ကာလသည် မိုးအကုန်ဆောင်းကူးမည့်ကာလဖြစ်၍ ဝန်းကျင်တစ်ခွင်အေးချမ်းနေသည်။ ရာသီဥတုမှာကောင်းကင်တစ်ခွင် ကြည်လင်ဝင်းပနေပြီး ထိုအချိန်ကာလတွင် မြတ်စွာဘုရားရှင်အား ရည်မှန်းကာ ဆီမီးပူဇော်ခြင်းသည် ကျက်သရေ မင်္ဂလာရှိလှသည်။

ဝါကျွတ်ချိန်ကား မြန်မာလူမျိုးများ၏ စေတနာ၊ သဒ္ဓါတရားအလှ၊ ဖြူစင်သောမနောအလှ၊ ခိုင်မာသောယဉ်ကျေးမှုအလှများကို ဖော်ကျူးသော အချိန်အခါလည်းဖြစ်သည်။

သီတင်းကျွတ်လတွင် နှစ်သက်ဖွယ်ကောင်းသော မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာတစ်ရပ်ရှိသည်။ တပည့်သားမြေးများကမိဘ၊ ဘိုးဘွား၊ ဆရာသမားများကို ကန်တော့သည့် အစဉ်အလာဖြစ်သည်။ လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရိုကျိုးနှိပ်ချ မာန်မာနကို ခဝါချသော အစဉ်အလာဖြစ်၍ မင်္ဂလာရှိလှသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင်များအနေဖြင့် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ထူးနေ့မြတ်တွင် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်ခြင်းဖြစ်စေ၊ နာကြားခြင်းဖြစ်စေ မွန်မြတ်ကောင်းမွန်သော ကုသိုလ်အမှုတို့ကို မိသားစုများ ပြုလုပ်ခြင်းဖြင့် ကောင်းသောအကျိုးများ တိုးပွားရရှိနိုင်ကြပေသည်ဖြစ်ပါကြောင်း ရေသားလိုက်ရပေသည်။

ကီလိုမာလကာသီး စိုက်ပျိုးတောင်သူများ အောင်မြင်ဖြစ်ထွန်း

ပွင့်ဖြူ အောက်တိုဘာ ၂၅

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် မြေအောက်ရေကို အကျိုးရှိစွာ အသုံးချပြီး ကီလိုမာလကာသီး စိုက်ပျိုးတောင်သူများ အောင်မြင်ဖြစ်ထွန်းပြီး သီးနှံဝင်ငွေတိုးပွားကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကီလိုမာလကာသီး စိုက်ပျိုးရေးလုပ်ငန်းသည် ပျိုးပင်ဝယ်ယူ၍ စိုက်ပျိုးနိုင်သလို ကိုင်းကူးစနစ်ဖြင့်လည်း စိုက်ပျိုးနိုင်ကြောင်း ပျိုးပင်ဝယ်ယူ စိုက်ပျိုးပါက အချိန်(၄၊ ၅)နှစ်ခန့် စောင့်ရပြီး ကိုင်းကူးနည်းစနစ်ဖြင့် စိုက်ပျိုးမည်ဆိုပါက တစ်နှစ်အကြာတွင် အသီးများစတင်ဆွတ်နူးရောင်းချရကြောင်း၊ စိုက်ပျိုးရာတွင်လည်း ပင်ခြားအနေဖြင့် ဆယ်ပေခန့်၊ တန်းကြားအနေဖြင့် တစ်ဆယ့်ငါးပေခန့်ခွာ၍ စိုက်ပျိုးရကြောင်း၊ သို့မှသာ အပင်များ ကြီးထွားဖွံ့ဖြိုးလာချိန်တွင် အပင် ထိခိုက်မှုမရှိကြောင်းနှင့် အသီးအပွင့်များ ပိုမိုရရှိကာ ဖြစ်ထွန်းအောင်မြင်မှုရှိပြီး အပင်ပြစုမှုအပေါ် မူတည်၍ နှစ်ရက်ခြား တစ်ကြိမ်လျှင် ကီလိုမာလကာသီးများကို လိုင်လိုင်ဆွတ်ခူးရောင်းချရကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးဆောင်ပြေမှုကြောင့် (၄၆ ၊ မိုး ၊ ဆောင်း) တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ကြပြီး အချို့တောင်သူများက စျေးကွက်ရှိသည့် သီးနှံများကို ရွေးချယ်ကာ နေ့စဉ် ဝင်ငွေရရှိသည့် ကီလိုမာလကာသီး၊ သင်္ဘော၊ ပိန္နဲ၊ သဲပုရာ၊ ရှောက်သီး စသည့် သီးနှံများနှင့် စားဖိုဆောင် သီးနှံမျိုးစုံတို့ကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်ကြရာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

(၄၄၅)

မြန်မာဘောလုံးအကယ်ဒမီများနှင့် ဒေသအသင်းများဘောလုံးပြိုင်ပွဲ မန္တလေးဇုန် ကျင်းပမည်

မန္တလေး အောက်တိုဘာ ၂၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဖွဲ့စည်းတည်ထောင်ထားသောအမျိုးသားဘောလုံး အကယ်ဒမီများနှင့် ဒေသဆိုင်ရာဘောလုံးသင်တန်းစခန်းများမှ သင်တန်းသားများ၏ တိုးတက်မှုအခြေအနေကို ဖော်ထုတ်ပြသရန်နှင့် ဘွဲ့မြှင့်ဆောင်ရည်များမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ မြန်မာဘောလုံးအကယ်ဒမီများနှင့် ဒေသဆိုင်ရာဘောလုံးသင်တန်းစခန်းများဘောလုံးပြိုင်ပွဲကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ကျင်းပသွားမည်။

မန္တလေးဇုန်ပြိုင်ပွဲကို ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)တွင် နိုဝင်ဘာ ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မန္တလေးဘောလုံးအကယ်ဒမီမှ U-12,U13 အသင်း၊ မန္တလေး RTC၊ နေပြည်တော်RTCနှင့် တောင်ကြီး RTC အသင်းများ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

အယ်လ်နီညိုအပူဒဏ်အန္တရာယ် အသိပညာပေး Talk Show ဆွေးနွေး

မိုင်းယု အောက်တိုဘာ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယုမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စူပါအယ်လ်နီညို အပူဒဏ်အန္တရာယ် အသိပညာပေး Talk Show ဆွေးနွေးခြင်းကို ယမန်နေ့က ပြုလုပ်ခဲ့သည်။

Talk Show ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဦးအားချာက အယ်လ်နီညိုဆိုတာ ပစိဖိတ်သမုဒ္ဒရာအိုကွေတာအနီး ရေမျက်နှာပြင်အပူချိန် ပုံမှန်ထက်မြင့်တက်လာတာကြောင့် ဖြစ်ပေါ်တဲ့ ရာသီဥတုပြောင်းလဲမှုဖြစ်ပြီး ကမ္ဘာတစ်ဝန်း ရာသီဥတုပုံစံတွေကို သက်ရောက်မှုရှိစေပါကြောင်း၊ အယ်လ်နီညိုရဲ့ သမိုင်းအစဟာ ဝီရူးတံငါသည်တွေရဲ့ "ခရစ္စမတ် ရေနွေးစီးကြောင်း" တွေကို သတိပြုမိရာကနေစတင်ခဲ့ပြီး ယနေ့ခေတ်မှာတော့ ကမ္ဘာ့စိုက်ပျိုးရေး၊ မိုးလေဝသနဲ့ သဘာဝဘေးအန္တရာယ်တွေကိုပါ အကြီးအကျယ်လွှမ်းမိုးနေတဲ့ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖြစ်စဉ်ကြီး အဖြစ် သိပ္ပံပညာရှင်တွေက စောင့်ကြည့်နေရတဲ့အဆင့်အထိ ရောက်ရှိလာခဲ့တာဖြစ်ကြောင်း၊ အယ်လ်နီညို၏ သမိုင်းဖြစ်စဉ်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် ကျွမ်းကျင်-၃(ရုပ်သံ)ဦးနေဝင်းက အယ်လ်နီညိုဖြစ်ပေါ်တဲ့နှစ်များတွင် မြန်မာနိုင်ငံ၌ အပူချိန်အဆမတန်မြင့်မားခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်း၊ မိုးနောက်ကျခြင်းနဲ့ ရေရှားပါးမှုပြဿနာတွေ ပုံမှန်ကြုံတွေ့ရလေ့ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် အယ်လ်နီညိုဖြစ်စဉ်များ၊ အယ်လ်နီညိုအပူဒဏ်ကြောင့် ဒေသတွင်း စိုက်ပျိုးရေးနှင့် ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုဖြစ်စဉ်များစသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မိုင်းယု(ဖြန်/ဆက်)

o–o–o–o–o

၁၃၈၈ ခုနှစ် မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်ဖွင့်ပွဲ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၅

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်အထိမ်းအမှတ် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥယျောင် ရပ်ကွက်ရှိ မဟာမုနိဘုရားကြီး ရင်ပြင်တော်၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီးဥပဒေချုပ် ဦးလှသိန်း၊ မဟာမုနိဂေါပကအဖွဲ့အတွင်းရေးမှူး ဦးမြင့်အောင်နှင့် ဂေါပကအဖွဲ့ဝင်များ၊ မဟာအောင်မြေခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွှန့်တို့က ဝါဆိုဖယောင်းတိုင်ကြီးအား ပြိုင်တူဆီမီးထွန်းညှိပူဇော်၍ အခမ်းအနား ဖွင့်လှစ်ပေးသည်။ ထိုနောက်ဘုရားဖူးလာပြည်သူများနှင့် ဘာသာရေး အသင်းများမှ တစ်ပြိုင်နက် ဆီမီးများ ထွန်းညှိပူဇော်ကြသည်။ မြို့နယ်အတွင်း အခြား ဘုရား၊ စေတီပုထိုးများ၊ ဓမ္မာရုံများ၌လည်း ဆီမီးများ ထွန်းညှိပူဇော်ခြင်း၊ ဌာနဆိုင်ရာရုံးများ၊ နေအိမ်များ၊ အထင်ကရနေရာများ၊ လမ်းဆုံများ၌ ရောင်စုံအလှမီးများနှင့် ဆီမီးများထွန်းညှိပူဇော်ခြင်းများ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၀၆၉)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ တက်ရောက်လာကြသူများ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု "သဘင်မာန်ဟုန် ရွှေရန်ကုန်" ဇာတ်တော်ကြီးအဖွဲ့၏ "ဝိမုရ" ဇာတ်တော်ကြီး ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဇာတ်တော်ကြီးပြိုင်ပွဲတွင် အကဖြတ်ဆောင်ရွက်ပေးကြမည့် ဒိုင်အဖွဲ့မှ ဝါရင့်အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

✪ ရွှေဖုံးမှ

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အဂဲါပြိတ်ခိုင် အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်လျက်ရှိသည့် ဝါသနာရှင်အဆင့် (ဒုတိယတန်း)(အမျိုးသား) အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ပြိုင်ပွဲဝင်အဖွဲ့များက တီးလုံးတီးကွက်များနှင့် စည်းကိုက်ဝါးကိုက် ခေါင်းခါးခြေလက် ပိုင်နိုင်စွာဖြင့် လည်းကောင်း၊ ဝတ်စားဆင်ယင်မှု၊ မျက်နှာသွင်ပြင်ဟန်ပန် သေသပ်မှုတို့ဖြင့် လည်းကောင်း တစ်ဦးချင်းစီအလိုက် ပါဝင်ယှဉ်ပြိုင်ကပြနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပုဗ္ဗသီရိတပ်နယ်အားကစားခန်းမ၌ ကျင်းပပြုလုပ်လျက်ရှိသည့် ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) စန္ဒရား အတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြိုင်ပွဲဝင်များက ချစ်သမျှကို (ပတ်ဖျိုး)သီချင်းဖြင့် သာယာနာပျော်ဖွယ် တီးခတ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုများအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ပြိုင်ပွဲအလိုက် အကဖြတ်ဆောင်ရွက်ပေးနေသည့် အကဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့်လာရောက် အားပေးကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဒုတိယသမ္မတဦးညီစောနှင့်ဇနီး၊ ဒုတိယသမ္မတဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ အဖွဲ့ဝင်များ လိုက်ပါ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဖြို့တော်ရဲ့၌ ယှဉ်ပြိုင်လျက်ရှိသည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ဗုဒ္ဓဝင်ဆယ်တွဲ့လာ "ဝိမုရ" ဇာတ်တော်ကြီး ကပြယှဉ်ပြိုင်နေမှုကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဇာတ်တော်ကြီးပြိုင်ပွဲတွင် အကဖြတ် ဆောင်ရွက်ပေးကြမည့် ဒိုင်အဖွဲ့မှ ဝါရင့်အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ပရိသတ်များနှင့် အတူ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု "သဘင်မာန်ဟုန် ရွှေရန်ကုန်" ဇာတ်တော်ကြီးအဖွဲ့၏ "ဝိမုရ" ဇာတ်တော်ကြီး ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြရာ ပြိုင်ပွဲဝင်များက အခန်းစဉ်များအလိုက် မူရင်းဇာတ်စာ၊ ပျို့လင်္ကာ၊ ရတုနှင့် ဆုံးမစာများ၊ အကအလှများ၊ ဇာတ်လမ်း၏ အနိမ့်အမြင့်အလိုက် ရှေးရိုးရာ ပတ်ပျိုး၊ ကြိုး၊ သီချင်းခံတို့ကို ရတု၊ ရကန်၊ လေးဆစ် "အဆိုပညာ"ရပ်၊ အလွမ်းအဆွေး သရုပ်ဆောင်ရာတွင် အသုံးချသည့် "အိုပညာ"ရပ်နှင့် နားထောင်ရသူ စွဲမက်စေမည့် "အပြောပညာ" ရပ်တို့ဖြင့် ဇာတ်ညွှန်းအတိုင်း ဝါကျအဖြတ်အတောက် မှန်ကန်စွာ မြန်မာ့ရိုးရာ သဘင်ကျင့်ထုံးများကို မဖောက်ဖျက်ဘဲ တီထွင်ဖန်တီးမှုများနှင့်ပေါင်းစပ်၍ ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

ဝိမုရ ဇာတ်တော်ကြီးသည် ဗုဒ္ဓဝင်ဆယ်တွဲ့ အနက်မှ နဝမမြောက် ဇာတ်တော်ကြီးဖြစ်ပြီး ဇာတ်တော်ကြီးကို ကိုယ်ကျင့်သိလ ဖြူစင်ဖြောင့်မတ်မှုအပေါ် တွင်အခြေခံသော ပညာ၏အကျိုးကျေးဇူးများကို သိရှိသဘောပေါက်ကြစေရန်၊ သာခုနရတနာများလေးပါး အကြောင်း သိရှိနားလည်ကျင့်သုံးလိုက်နာကြစေရန်၊ လောင်းကစားခြင်း၏ ဆိုးပြစ်နှင့် မကောင်းသော အကျိုးဆက်များကို သိရှိရှောင်ရှားနိုင်ကြစေရန်နှင့် ဝိမုရဇာတ်တော်ကြီးကို ကြည့်ရှုခံစားလျက် သူတော်ကောင်းတရားနှင့် သူတော်ကောင်းဥစ္စာ ခုနစ်ပါးကိုပွားများနိုင်ကြစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကပြယှဉ်ပြိုင်ရခြင်းဖြစ်ကြောင်း သိရသည်။

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ခမ်းနားထည်ဝါစွာ ကျင်းပပြုလုပ်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမပညာရပ်ကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များကလည်း လာရောက်ကြည့်ရှုအားပေးလျက်ရှိကြကြောင်းနှင့် ပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် စုစုပေါင်း ၂၄၀၀ ကျော်ဖြင့် အောက်တိုဘာ ၂၉ ရက်အထိ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ တက်ရောက်လာကြသူများ ဝါသနာရှင်အဆင့် (ဒုတိယတန်း)(အမျိုးသား) အကပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်ကပြနေမှုကို ကြည့်ရှုအားပေးကြစဉ်။

❐ ကျေးဖုံးမှ

အခမ်းအနားသို့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ နှင့်အတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဆပ်ကော်မတီ အသီးသီးမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကြီးကြပ်အုပ်ချုပ်သူ များ၊ နည်းပြများ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်အဖွဲ့များမှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နုန်းနီနီအေး က အမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် ပြိုင်ပွဲတွင် ထူးချွန်စွာ ယှဉ်ပြိုင်နိုင်ခဲ့ကြသူများကို ဆုချီးမြှင့် ဂုဏ်ပြုသည့်အခမ်းအနားတစ်ခုသာမက မြန်မာ့ရိုးရာအနုပညာကို တန်ဖိုးထား မြတ်နိုးကြသူများ၏ ကြိုးစားအားထုတ် မှုနှင့် မျိုးဆက်သစ်အနုပညာရှင်များ၏ အနာဂတ်မျှော်မှန်းချက်များကို အသိ အမှတ်ပြုအားပေးသည့် အခမ်းအနား



ဒုတိယသမ္မတ ဒေါ်နုန်းနီနီအေး အဆို မဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မဟေမာန်ကျော်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

သွားကြရန်အတွက် တွန်းအားတစ်ရပ် ဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ အနုပညာလောကတွင် အောင်မြင်မှုသည် ဖြစ်ကြောင်း။ ယခုရရှိသည့်ဆုများသည် မိမိတို့၏ပင်ကိုအရည်အချင်း၊ လေ့ကျင့် အားထုတ်မှုနှင့် ခွဲလှဲ့လများကို အသိအမှတ်ပြုမှုတစ်ရပ် ဖြစ်သကဲ့သို့ အနုပညာရပ်များကို ဆက်လက်လေ့လာ သင်ယူပြီး ပိုမိုတိုးတက်အောင် ကြိုးစား ဆုတံဆိပ်ရရှိခြင်း တစ်ခုတည်းဖြင့် တိုင်းတာ၍မရဘဲ ပညာရပ်ကို နက်နက် ရှိုင်းရှိုင်း နားလည်တတ်မြောက်မှုနှင့် လူမှုအသိုက်အဝန်းအတွက် အကျိုးပြု နိုင်မှုတို့ဖြင့် တိုင်းတာကြရမည် ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် အဆို မဟာဂီတပြိုင်ပွဲ အခြေခံ ပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပထမဆု ရရှိသည့် မောင်ပြည့်စုံလင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ် ချီးမြှင့်စဉ်။

ထို့ပြင် မြန်မာနိုင်ငံသည် တိုင်းရင်း သားလူမျိုးများ၏ မတူကွဲပြားသည့် ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝသည့် နိုင်ငံဖြစ်ရာ တိုင်းရင်းသားလူမျိုးအသီးသီး ၏ အဆို၊ အက၊ အရေး၊ အတီး ရိုးရာ အနုပညာများကို လေ့လာဖော်ထုတ်ခြင်း၊ အပြန်အလှန်ဖလှယ်ခြင်းနှင့် တန်ဖိုးထား လေးစားခြင်းတို့သည် ပြည်ထောင်စု စိတ်ဓာတ်ကို ခိုင်မာစေရန် အထောက် အကူပြုကြောင်း၊ အနုပညာသည် ဘာသာ စကားနှင့် ဒေသကွာခြားမှုများကို ကျော်လွှန်ပြီး လူတို့၏စိတ်နှလုံးကို ဆက်သွယ်ပေးနိုင်သည့် တံတားတစ်စင်း လည်းဖြစ်ကြောင်း၊ ယခုပြိုင်ပွဲက ရရှိ သည့် အတွေ့အကြုံကောင်းများကို အခြေခံပြီး မြန်မာ့ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရန် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်း လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက အဆို မဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်မျိုးခန့်၊ မောင်မောင်၊ ဒုတိယဆုရရှိသည့် ကရင် ပြည်နယ်မှ မောင်ဝင်းညီညီ၊ ပူးတွဲတတိယ ဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်မြင့်သိန်း၌ဦးနှင့် တနင်္သာရီ တိုင်းဒေသကြီးမှ မောင်ဖုန်းမြင့်မြတ်တို့ကို လည်းကောင်း၊ အဆို မဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူး တိုင်းဒေသကြီးမှ မဟေမာန်ကျော်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး မှ မဖြူဇင်မိကျော်၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မလင်းလင်းဦး တို့ကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ် များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ် ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က အဆို မဟာ ဂီတပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို လည်း ကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက အဆို ခေတ်ဟောင်း/ကာလပေါ် ပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက အဆို ခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကိုလည်းကောင်း၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အဆို ခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ အခြေခံ ပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲ တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ ကိုလည်းကောင်း၊ ဒုတိယဝန်ကြီးများက အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊(အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း)နှင့် အဆင့်မြင့်ပညာအဆင့် များတွင် အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်အလိုက် ဆုရရှိကြသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့် ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူ များက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီး သွားလာရေးဝန်ကြီးဌာန အနုပညာဦးစီး ဌာနမှ အနုပညာရှင်ဝန်ထမ်းများ၏ "အလှဝေဖြာ မြန်မာ့ရိုးရာ" သီချင်းဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေး ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)နှင့် အဆင့်မြင့်ပညာ အဆင့် ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆုရရှိကြသည့် ပြိုင်ပွဲဝင်များအား ပထမဆု ၈၆ ဆု၊ ဒုတိယဆု ၈၃ ဆု စုစုပေါင်း ဆု ၂၅၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း အဆို ခေတ်ဟောင်း/ကာလပေါ် ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မမေခင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

စလင်း အောက်တိုဘာ ၂၅ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်း ဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေး တိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် အနောက် ကန်ဘောင်ကျေးရွာအုပ်စု၊ မြောက် တောကျေးရွာ၌ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု များကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးရာ စလင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများ အဖွဲ့သည် မြောက်တောကျေးရွာ ရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ခင်း ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)မှ ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀၂ သိန်း၊ စုစုပေါင်းရန်ပုံငွေကျပ် ၂၅၂ သိန်းဖြင့် မြို့နယ်ကျေးလက် ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ် စောင့်ကြပ်ကြည့်ရှုမှု များနှင့်အတူ ကျေးရွာသူ၊ ကျေးရွာ သားများ ကိုယ်တိုင် အောက်တို ဘာ ၁ ရက်မှစတင်၍ ဆောင်ရွက် ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီး နေပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးလက် နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် ကြောင်း သိရသည်။**(အောက်ဝဲပုံ)**

သန်းသန်းစိုး



အနာဂတ်ဘဝ လုံခြုံစိတ်ချစေဖို့ အမှိုက်လျော့ချ ကြပါစို့။

ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၅

ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံသို့ သွားရောက်ခဲ့သော ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကနှင့်အဖွဲ့ကို ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Igor Brylevich၊ အမျိုးသားလွှတ်တော် နိုင်ငံတကာရေးရာနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အမြဲတမ်းကော်မရှင်ဥက္ကဋ္ဌ Mr.Sergei ALEINK၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက မင့်စ်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

ယနေ့ည၌ပိုင်းတွင် ပြည်ထောင်စုလွှတ်တော် နာယကနှင့်အဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်



ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးများနှင့် အမျိုးသားလွှတ်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ သတင်းစဉ်

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဧမ္မာသီရိမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၂၅

ကျောင်းသား လူငယ်များအား မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင်လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်း လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များ အနေဖြင့် မိမိနိုင်ငံ၏သမိုင်းကြောင်း



ဆိုင်ရာ အချက်အလက်များကို လေ့လာ သိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဧမ္မာသီရိမြို့နယ် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ် ပုံစံတူများ၊ စစ်လက်နက် ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ တပ်မတော် (ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်း ရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မှန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှု လေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတင်းစဉ်

❋ အားကောင်းသောမှ

အဆိုပါ အားကောင်းသောမုန်တိုင်းယ်သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ရေပိုင် ၁၅၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေပိုင် ၄၇၀ မိုင်ခန့်နှင့် ကာကီနာဒါမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေပိုင် ၅၂၀ မိုင်ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော မုန်တိုင်းယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အားကောင်းသော မုန်တိုင်းယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ အားကောင်းသော မုန်တိုင်းယ်သည် ညနေ ၅ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၁၅ သမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၁ သမ ၀ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၁ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်း ခန့်ဖြစ်သည်။

နောက် ၇၂ နာရီအတွင်း

ခန့်မှန်းချက်

အဆိုပါ အားကောင်းသော မုန်တိုင်းယ်သည် အနောက်တောင်ဘက်သို့ ရွှေ့လျားနိုင်ပြီး အောက်တိုဘာ ၂၆ ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း၊ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွှေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းသို့ ရောက်ရှိနိုင်ကာ အောက်တိုဘာ ၂၇ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း၊ အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းတွင် အနောက်မြောက်ဘက်သို့ရွှေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေအနီးတို့တွင် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ် သို့လည်းကောင်း ရောက်ရှိနိုင်ကာ အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို ဘပတ်လမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့ အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။


သတိပေးနှိုးဆော်ချက်

အားကောင်းသော မုန်တိုင်းယ်၏ အရှိန်ကြောင့် ယနေ့ည၊မ အောက်တိုဘာ ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်း ရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသော မုန်တိုင်းယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များသင်္ဘောများ အနေဖြင့်လည်း ကြိုတင် သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/၈လ



၂၅-၁၀- ၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၇:၃၀ နာရီအချိန် တိုင်းထွာချက်အရ
အားကောင်းသောမုန်တိုင်းယ်လမ်းကြောင်းပြမြေပုံ

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၅ ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ စည်ကားသိုက်ဖြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် "မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ပင်းရှင်း ဗဟိုဌာန(၁)ရှိ နီလာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခြည်ပန်းထောင်ကွန့် စက်နေရုံ"(ဘွဲ့) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကြိုဆိုပါ" (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့မှ ပြိုင်ပွဲဝင်များက "ဖြူပြာမူရာ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

"ကာလပေါ်" တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)ရှိ မြခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကျောက်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖြူပြာမူရာ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။



"မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မခြူးကလျာသိုက်ထွန်း(ခ)ခင်ဦးမေစင် ယှဉ်ပြိုင်စဉ်။



အရေးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးနိုင်လင်း ယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်စစ်ဒဲ့ဒီး ယှဉ်ပြိုင်စဉ်။



ပလွေပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ရဲစော်ထွန်း(ခ)ဗိုလ်ကွန်း ယှဉ်ပြိုင်စဉ်။



ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ဒေါ်မြမြဝင်းနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။



တယောအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ဒေါ်နှင်းနှင်းဝေ ယှဉ်ပြိုင်စဉ်။

ကြိုးတို့မှ ပြိုင်ပွဲဝင်များက "ကြိုညီစံရာ" (ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင် အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်သပြေညာ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခြည်ပန်းထောင်ကွန့် စက်နေရုံ"(ဘွဲ့) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖြူပြာမူရာ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော်တည်ခိုရေးစခန်း ဆင်ဖြူရှုခ်စခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖန်တီးသူတို့အပြုံးများ" (ဂီတလုလင် မောင်ကိုကို) သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော်တည်ခိုရေးစခန်း ဆင်ဖြူရှုခ်စခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သုံးပါးမြတ်ရတနာ" ခေါင်းစဉ်ဖြင့် သီချင်းစာသားများကို သံစဉ်အမျိုးမျိုးဖြင့် လိုက်ဖက်ညီညွတ်စွာ ထည့်သွင်းသီဆိုကြပြီး အသံနေအသံထား၊ သံစဉ်အတက်အကျနှင့် သီဆိုဟန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်ဖော်ကျူးယှဉ်ပြိုင်ကြသည်။

ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရေဃမုနိ" (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "နှင်းယွန်းခါပေမာန်" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ယှဉ်ပြိုင်ကြသည်။

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

ပလွေပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထောင်ရောင်နေ" (သီချင်းခံ) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ညည်သုံးယံခါ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင် အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သောင်းသောင်းညံ" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း ဦးမုံညောင်းသာယာစွာ တီးမှုတ်ယှဉ်ပြိုင်ကြသည်။

တယော အတီးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိလေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဒီပါအေးမြ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အောင်မဂီလာ" (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းဟေဝန်"(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ဦးမုံညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

စန္ဒရား အတီးပြိုင်ပွဲကို နေပြည်တော် တည်းခိုရေးစခန်း ပုဗ္ဗသီရိတပ်နယ်ခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သေနဂိုအမည်" (မိုးဘွဲ့ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ပန်းမြိုင်လယ်" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ချစ်သမျှကို"(ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "တောဟေဝန်လယ်" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း သာယာဝပြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။



နဲ့ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မဝေဝေဖြိုး ယှဉ်ပြိုင်စဉ်။



စန္ဒရားအတီး အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

ရုပ်ရှင်သဘင် အဖွဲ့လိုက်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာသခန်းမ၌ ကျင်းပရာ ရုပ်ရှင်သဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု သီရိဥဿာရုပ်စုံ အဖြင့်သဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီး ပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီး အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝိဓူရ" ဇာတ်တော်ကြီး ဖြင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု သဘင့်မာနဟုန် ရွှေရန်ကုန် ဇာတ်သဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဇာတ်လမ်းဇာတ်ကွက်များကို ထင်ဟပ်ပေါ်လွင်စေသည့် တီးလုံးတီးချက်များ၊ မြန်မာ့ဇာတ်သဘင်၏ ဆို၊ ပို၊ ပြော အနုပညာရပ်များနှင့် အကအလှများကို အချိုးညီညီပေါင်းစပ်၍ လည်းကောင်း၊ ဇာတ်ကောင် တစ်ဦးချင်းစီ၏ ဟန်ပန်အမူအရာ၊ အသံနေအသံထားနှင့် သရုပ်ဆောင်ပိပြင်မှု တို့ဖြင့်လည်းကောင်း အနုပညာရသမြောက်စွာ ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် ဧနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းမိသားစုများ၊ အနုပညာကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ဇာတ်တော်ကြီးအဖွဲ့လိုက်ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် "ဝိဓူရ" ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု သဘင့်မာန်ဟုန် ရွှေရန်ကုန် ဇာတ်သဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။



အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲဆောင်ရွက်

သရက် အောက်တိုဘာ ၂၅

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ အခွန်ထမ်းဆောင်ရန် ပျက်ကွက်သူများထံမှ ရသင့်၊ ရထိုက်သော အခွန်များ ရရှိနိုင်စေရေး၊ အခွန်ထမ်းမှတ်ပုံတင်ခြင်းနှင့် လိုက်နာဆောင်ရွက်မှု စောင့်ကြည့်စစ်ဆေးခြင်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အား ပညာပေးရှင်းလင်းခြင်းကို ယမန်နေ့ ညနေ ၄ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးအခမ်းအနားတွင် တိုင်းဒေသကြီးအမှတ်(၁)နှင့်အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးမြတ်မိုးက လူမှုကွန်ရက် စောင့်ကြည့်စီမံခန့်ခွဲမှုစနစ်ကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်တွင်းအခွန်တောင်ဘက်တို့တွင် ရှေးဟောင်းမဟာရန်တံတိုင်း ပြန်လည်တူးဖော်ထိန်းသိမ်းခြင်း စီမံကိန်းလုပ်ငန်းများနှင့် နတ်လှောင်းကျောင်းအား ကြည့်ရှုစခန်းရာ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က တူးဖော်ထိန်းသိမ်းဆောင်ရွက်နေမှု အဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပုဂံမြို့သစ်၊ လောကနန္ဒာ စာသင်တိုက်ဝင်း အတွင်းရှိ စောလူးမင်း တည်ထားကိုးကွယ်ခဲ့သည့် ကျောက်စကား လိုဏ်ဘုရားအတွင်းရှိ ထိုင်တော်မူဗုဒ္ဓဆင်းတုတော်အား လုံးတော်သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မောင်လှလင်(သရက်)

––*–*–*–*–*

ဒေသပွဲ.ဖြိုးရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

ညောင်ဦး အောက်တိုဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ညောင်ဦးမြို့နယ်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဒေသပွဲဖြိုးရေး ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် နေရာများအား အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညီနှင့် ခရိုင်ကော်မတီဝင်များသည် တရုတ်-မြန်မာ ချစ်ကြည်ရေးသင်္ဘောညဉ့်ဘုရားကြီးအနောက်ဘက်၊ များဦးစီးဌာန ဦးစီးမှူး ဦးဇေယျာဦးက အခွန်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပြောကြားရာ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက အခွန်နှင့်ပတ်သက်၍ ပြည့် ရွှေသင်္ကန်းကပ်လှူပွဲဇော်ခဲ့ကြပြီး မြင်းကပါကျေးရွာရှိ မနုဟာမင်းကြီး၏ မြေးတော် တည်ထားခဲ့သည့် နန်းဘုရားအတွင်း၊ အပြင်တို့တွင် သန့်ရှင်းသပ်ရပ်မှု ရှိစေရေးနှင့် ဘုရားအတွင်း၌ လက်ရာမြောက်စွာ ထွင်းထုတန်ဆာဆင်ထားသည့် ကျောက်ဆစ်လက်ရာများကို ဂရုပြုထိန်းသိမ်းကြရန်၊ ပုဂံမြို့ဟောင်းရှိ ကျွန်စစ်မင်းကြီး တည်ထားသည့် အာနန္ဒာဘုရားကြီးတွင် သီတင်းကျွတ်ကာလ မီးအလှဆင်ထားရှိမှု၊ စောင်းတန်းတစ် လျှောက်နှင့် ဘုရားကြီးလိုဏ်အတွင်း ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေးတို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ သီတင်းကျွတ် မီးထွန်းပွဲတော်ကျင်းပမည့် အလိုတော်ပြည့် ဘုရားအနီး မုခ်ဦး တည်ဆောက်ပြီးစီးမှု၊ MSMEs အရောင်းဆိုင်ခန်းများ ပြင်ဆင်ဆောင်ရွက်ထားမှုနှင့် ဒေသထွက်ကုန်များ ရောင်းချမည့်ဆိုင်ခန်းများ တည်ဆောက်ထားမှုနှင့် ရောင်စုံလျှပ်စစ်မီးများ ဆောင်ရွက်ထားရှိမှု၊ မီးပုံးပျံလွှတ်တင်မည့် ကွင်းအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၄၈၁)



ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ခြေတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရိုးရာဆင်အကအလှ ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ





မန္တလေး အောက်တိုဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် အနော်ရထာမင်းကြီး လက်ထက်မှစ၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရိုးရာဆင်အကအလှပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရွှေသာလျောင်းတောင်ခြေ ဆင်အက အလှပြိုင်ကွင်းဗဟိုမဏ္ဍာပ်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပြိုင်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဆင်အလှပွဲတော်ကို နှစ်စဉ်ရိုးရာအစဉ်အလာမပျက် ဒေသ၏ ရိုးရာပွဲတော်အဖြစ် အနော်ရထာမင်းကြီး လက်ထက်မှစ၍ကျင်းပခဲ့ရာ နှစ်ပေါင်း (၉၀၀)ကျော်ကြာမြင့်ပြီဖြစ်သည့် မြန်မာတွင်သာမက ကမ္ဘာကပါ လူသိများကျော်ကြားလှသော ဆင်အလှပွဲတော်ဖြစ်ရာ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ရိုးရာအစဉ်အလာကို လက်ဆင့်ကမ်းကာ ဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆင်အဖွဲ့များက အောင်စေပိုင်စေသီချင်း၊ မြန်မာပြည်သားသီချင်းတို့ဖြင့် ကပြဖျော်ဖြေမှုများ၊ ဧည့်ခံဆင် ဇော်ဂျီမောင် ဆင်အကအလှဖြင့် ဧည့်ခံဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီးနောက် ဂုဏ်ပြုဆွေးနွေးပွဲများ ချီးမြှင့်ခဲ့သည်။

၂၀၂၆ခုနှစ် ကျောက်ဆည်မြို့ ဆင်အကအလှပြိုင်ပွဲတွင် ဘော်ကြယ်ဆင်(၂)စီး၊ ရိုးရာဆင်(၆)စီး၊ ကလေးဆင်(၃)စီး၊ သဘာဝတီထွင်ဆန်းသစ်မှုဆင် (၃)စီး စုစုပေါင်း(၁၄)စီး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဂုဏ်ပြုဆင်၊ သက်ကြီးဆင်၊ ဧည့်ခံဆင်၊ ဈေးပတ်ဆင် စုစုပေါင်း(၁၄၂)စီးဖြင့် ပျော်ရွှင်စည်ကားစွာ ကျင်းပခဲ့ပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ဆည်မြို့ ဆင်ပွဲတော်သည် သက္ကရာဇ်(၃၇၉)ခုနှစ်တွင် နန်းတက်တော်မူသော အနော်ရထာမင်းကြီးသည် သီဟိုဠ်ဘုရင်ဓာတုသေနမင်းထံမှ ပင့်ဆောင်ရရှိတော်မူခဲ့သော ဗုဒ္ဓမြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်ပွားကို ရှင်အရဟံ၏ ဩဝါဒဖြင့် ဆင်မယဉ်သာ(ဆင်ဖြူတော်)ပေါ်သို့တင်၍ အဓိဋ္ဌာန်ပြုစေလွှတ်တော်မူခဲ့ရာ ပုဂံမြို့၏ အရှေ့မျက်နှာအရပ် မြင်စိုင်းနယ် ကျောက်ဆည်တည်ရာ ရွှေသာလျောင်းတောင်ထိပ်သို့ တက်ရောက်ပြီး တောင်ထိပ်တွင် ခေတ္တလဲလျောင်းခဲ့သောကြောင့် သက္ကရာဇ် (၃၉၅)ခုနှစ်တွင် ရွှေသာလျောင်းတောင်ထိပ်တွင် စေတီတည်၍ ရွှေသာလျောင်းစေတီတွင် နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့တိုင်း၌ ဆွမ်းတော်ကပ်လှူပွဲနှင့် တပေါင်းလှည်း ပွဲတော်ကျင်းပရန် ကလန်၊ သံဖျင်တို့ကို ဆင့်ဆိုမှာကြားတော်မူခဲ့ကြောင်း၊ စွယ်တော်တင်သော ဆင်မယဉ်သာ(ဆင်ဖြူတော်)ကိုလည်း ငါကဲ့သို့ပင် အမှတ်တရ ဆင်ရုပ်တို့ဖြင့် လူဒါန်းပူဇော်အမျှပေးဝေကြရန် အဓိဋ္ဌာန်ထားတော်မူခဲ့ရာမှ သီတင်းကျွတ်လပြည့်နေ့၌ ဆွမ်းတော်ကြီး ကပ်လှူပွဲနှင့်အတူ ဆင်လှူပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့ရာ နှစ်ပေါင်း ၉၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

တိုင်းရင်းဆေးသိပ္ပံ မူလဆရာကြီးများအား အာစရိယပူဇော်ပွဲ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၅

၂၀၂၆ ခုနှစ်၊ (၃၇)ကြိမ်မြောက် တိုင်းရင်းဆေးသိပ္ပံ၏ သက်ရှိထင်ရှားရှိကြသော မူလဆရာများဖြစ်ကြသည့် ဒေါက်တာအောင်နိုင်(တိုင်းရင်းဆေးသိပ္ပံ) မူလဆရာကြီး သိပ္ပကျော်စွာ ဦးမြင့်လွင်(တိုင်းရင်းဆေးသိပ္ပံ) မူလဆရာကြီးတို့အား တိုင်းရင်းဆေးဆရာတပည့်များက ဂါရဝပြုပူဇော်ကန်တော့ခြင်းအခမ်းအနားကို အောက်တိုဘာ ၂၃ ရက်၊ နံနက် ၉ နာရီ ၃၀ မိနစ်က မန္တလေးမြို့အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံဝင်းရှိ ဇကရာဇံခန်းမတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် တိုင်းဦးစီးမှူး(ငြိမ်း) ဦးစန်းလွင်က အာစရိယဂုဏ်အဟံဝန္ဒာမိ သုံးကြိမ်ရွတ်ဆိုမှုနှင့် နဝရတ်ကတိသစ္စာကို တိုင်ကြားပေးပြီး တက်ရောက်လာသူများက ရွတ်ဆိုကြကာလွန်ပြီးသော ဆရာကြီးများအားလုံး၏ ဂုဏ်ကျေးဇူးများကို အာရုံပြုလျက် တစ်မိနစ်ငြိမ်သက်ဂါရဝပြုကြသည်။

ထို့နောက် သက်ရှိထင်ရှား မူလဆရာကြီးများဖြစ်သော သိပ္ပကျော်စွာ ဆရာကြီးဦးမြင့်လွင်နှင့် အဝေးရောက်ဆရာကြီး ဒေါက်တာအောင်နိုင်တို့အား ဂါရဝဝတ္ထုပစ္စည်းများ ပေးအပ်ကြပြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး) အလုပ်အမှုဆောင် ဦးကျော်ကျော်ဦးက ကန်တော့ချိုးကို တိုင်ပေးကာ ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ သိပ္ပကျော်စွာဆရာကြီး ဦးမြင့်လွင် ဩဝါဒဆုချီးမြှင့်ခြင်း ဆရာကြီးနှစ်ပါးကန်တော့ပွဲနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဆရာကြီးဦးမြင့်ဦးက ရှင်းလင်းပြောကြားခြင်း၊ ရသုံးရှင်းတမ်းကို ဖတ်ကြားခြင်းတို့ ဆောင်ရွက်ပြီးနောက် မြန်မာနိုင်ငံသားများကို တိုင်းရင်းဆေးပညာဖြင့် အလုပ်အကျွေးပြုပါအံ့ သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ပါမောက္ခဌေးလွင်နှင့် ပါမောက္ခ၊ ကထိက၊ ဆရာ၊ ဆရာမများ၊ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ တိုင်းရင်းဆေးပညာဦးစီးဌာန ဆရာ၊ ဆရာမများ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ စက်ရုံမှူး ဦးသန်းထွန်းအောင်နှင့်ဆရာ၊ ဆရာမများ ခုတင် ၁၀၀ ဆံ့သင်ကြားရေးဆေးရုံ ဆေးရုံအုပ်ကြီး ဒေါ်မိမိမိ၊ ဒုတိယဆေးရုံအုပ်ဒေါ်သိန်းထိုက်နှင့် ဆရာ၊ ဆရာမများ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)အလုပ်အမှုဆောင် ဦးသင်းနှင့် အသင်းဝင်ဆရာ၊ ဆရာမများ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

ကျော်မင်းသော်



အယ်လ်နီညိုကာလအတွက် မွေးမြူရေးဆိုင်ရာ အသိပညာပေးခြင်း ဆောင်ရွက်

နောင်ချို အောက်တိုဘာ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီတွင် တိရစ္ဆာန်ကောင်ရေစာရင်းကောက် ဆင့်ပွားသင်တန်းဖွင့်လှစ်ပို့ချခြင်းနှင့် အယ်လ်နီညိုကာလအတွက် မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်လှစ်ခြင်းနှင့် ဟောပြောပွဲသို့ ကျောက်မဲခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာစိုးနိုင်ဝင်း၊ နောင်ချိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစည်သူလင်း၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်သန်းနှင့် ဦးသီဟလှိုင်၊ နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဇော်လွင်နှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာများ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားပြီး တိရစ္ဆာန်ကောင်ရေစာရင်းကောက် ဆင့်ပွားသင်တန်းဖွင့်လှစ်ပို့ချခြင်းနှင့် အယ်လ်နီညိုကာလအတွက် တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများအား ကြိုတင်ပြင်ဆင်နိုင်ရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ(လားရှိုး) ၊ ဌာနခွဲတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးညီညီသန့်ပါဝင်သောအဖွဲ့ နောင်ချိုမြို့နယ်စည်ပင်သာယာရေးဌာန ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကား ပြောကြားပြီးနောက် အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မြို့သာယာလှပရေး၊ သန့်ရှင်းရေး၊ လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် မြို့ရေပေးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(ကဆ)

နိုင်ငံတကာ အားကစား သတင်းများ

ဒီယေဂို ဂိုမက်ဇ် အသင်းတွင် ဆက်ရှိသွားမည်ဟု ဘရိုက်တန်အသင်း အတည်ပြု



လန်ဒန် အောက်တိုဘာ ၂၅

ကွင်းလယ်ကစားသမား ဒီယေဂို ဂိုမက်ဇ်အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင် ဆက်ရှိသွားမည်ဖြစ်ကြောင်း ဘရိုက်တန်အသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။

အသက် (၂၃) နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက ဘရိုက်တန်အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ဒီယေဂို ဂိုမက်ဇ်သည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၆-၂၀၃၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၆ပွဲကစားပြီး ၁၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဘရိုက်တန်အသင်းထုတ်ပြန်ချက်တွင် "ဒီယေဂို ဂိုမက်ဇ်အသင်းတွင် ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် အားထားရတဲ့ကစားသမားကောင်းတစ်ယောက်ပါ။ သူ့ကိုယ်တိုင်ကလည်း အသင်းမှာ မျော်လင့်နေပါတယ်" ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)

ဟာလန်း ပရီးမီးယားလိဂ် ခုနစ်ပွဲဆက် ဂိုးသွင်းယူနိုင်သည့် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်

လန်ဒန် အောက်တိုဘာ ၂၅

မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်း ပရီးမီးယားလိဂ် ခုနစ်ပွဲဆက် ဂိုးသွင်းယူနိုင်သည့် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းက အက်စတွန်ဗီလာအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟာလန်းသည် မန်စီးတီးအသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၁ပွဲ ကစားပြီး ၁၃ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက် (၂၆) နှစ် အရွယ်ရှိ ဟာလန်းက "ကျွန်တော် အခုလို စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားလိုပါတယ်" ဟု ပြောသည်။

(အောက်ပုံ) (NGB)





လာဇီယိုအသင်းက ပါးများအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

တူရင် အောက်တိုဘာ ၂၅

စီးရီးအေပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက လာဇီယိုအသင်းနှင့် ပါးများအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လာဇီယိုအသင်းက ပါးများအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လာဇီယိုအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် မိနစ် ၅၀ တွင် တေလာ၊ ပွဲချိန် ၅၈ မိနစ်တွင် ကာလ်ဖီ(OG)တို့က အသီးသီး သွင်းယူပေးခဲ့သည်။

လာဇီယိုအသင်းသည် စီးရီးအေပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၂၈ ရက်တွက် ဆက်ဆူအိုလိုအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(အပေါ်ပုံ) (NGB)

ဘရန်ဒန်ဝီလျံစ်ကို ရိုသာဟမ်အသင်း ခေါ်ယူ

လန်ဒန် အောက်တိုဘာ ၂၅

လိဂ်(၂)ကလပ် ရိုသာဟမ်အသင်းသည် မန်ယူအသင်း နောက်ခံကစားသမား ဘရန်ဒန် ဝီလျံစ်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက် (၂၆) နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ရိုသာဟမ်အသင်းနှင့်အတူ ကာလတို စာချုပ် ချုပ်ဆိုခဲ့ပြီး ကျောနံပါတ် (၃၃) ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

နောက်ခံကစားသမား ဘရန်ဒန်ဝီလျံစ်သည် ကစားသမားဘဝ တစ်လျှောက်တွင် မန်ယူ၊ နော့ဝှစ်ခ်၊ အစ်ဆွစ်ခ်၊ ဟားလ်စီးတီး စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသူ တစ်ဦးဖြစ်ခြင်းကြောင့် ရိုသာဟမ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဘရန်ဒန်ဝီလျံစ် အနေဖြင့် ရိုသာဟမ်အသင်းနှင့် အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ဝဲပုံ) (NGB)



2026 BNB Ningbo Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Diana Shnaider တက်ရောက်



ပေကျင်း အောက်တိုဘာ ၂၅


တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 BNB Ningbo Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ရုရှားတင်းနစ်မယ် Diana Shnaider တက်ရောက်ခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်မယ် Diana Shnaider သည် 2026 BNB Ningbo Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် Iva Jovic အား ၆-၃၊ ၄-၆၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2026 BNB Ningbo Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် Diana Shnaider နှင့် ကာဇက်စတန် တင်းနစ်မယ် Elena Rybakina တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ဝဲပုံ) (NGB)

နီကိုပက်ဇ်ကို ခေါ်ယူရန် ဘာစီလိုနာအသင်း ကမ်းလှမ်း



ဘာစီလိုနာ အောက်တိုဘာ ၂၅

ဘာစီလိုနာအသင်းသည် ကိုမိုအသင်း ကွင်းလယ်ကစားသမား နီကိုပက်ဇ်ကို ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက် (၂၂) နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် ကိုမိုအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၀ပွဲ ကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ကိုမိုအသင်းကလည်း နီကိုပက်ဇ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ငွေးတစ်ရပ် ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ကိုမိုအသင်းထံမှ နီကိုပက်ဇ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

ဒမ်ဘီလီ ပေါင်ဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရတွယ်ရှိ

ပါရီ အောက်တိုဘာ ၂၅

ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး ဒမ်ဘီလီ ပေါင်ဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ တိုက်စစ်မှူးသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းက ဘာစီလိုနာအသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ **(ယာပုံ)**

တိုက်စစ်မှူး ဒမ်ဘီလီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ပီအက်စ်ဂျီအသင်း အတွက် ကြိုးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက် (၂၉) နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒမ်ဘီလီသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၅ပွဲကစားပြီး ၆၅ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(NGB)**



ဟရယ်လာကို စာချုပ်သက်တမ်းတိုးရန် မွန်ဇာအသင်း စီစဉ်

တူရင် အောက်တိုဘာ ၂၅

မွန်ဇာအသင်းသည် အသင်း တိုက်စစ်မှူး ဟရယ်လာကို စာချုပ် သက်တမ်းတိုးရန် စီစဉ်လျက်ရှိ ပြီဖြစ်သည်။

အသက် (၂၁) နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် အာဆင်နယ်အသင်းနှင့် နာပိုလီအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် မွန်ဇာအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။



တိုက်စစ်မှူး ဟရယ်လာသည် မွန်ဇာအသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ရှစ်ပွဲ ကစားပြီး ဂိုးဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။ **(ဝဲပုံ)**

မွန်ဇာအသင်း၏ ထုတ်ပြန်ချက်တွင် "ဟရယ်လာကို စာချုပ် သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ မကြာမီရက်ပိုင်းအတွင်း စာချုပ်ကိစ္စ အပြီးသတ်နိုင်တော့မှာပါ" ဟု ထုတ်ပြန်သည်။ **(NGB)**

ဆပ်နီလာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၁၀) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၇-၁၀-၂၀၂၆ နံနက် ၀၂း၃၀ နာရီ	ဆီဗီလာ - အိုဆာဆူနာ	ဆီဗီလာ ၁-၀ အိုဆာဆူနာ အိုဆာဆူနာ ၂-၁ ဆီဗီလာ

ပြင်သစ်လီဂ်း ဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၈) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၇-၁၀-၂၀၂၆ နံနက် ၀၂း၀၀ နာရီ	ပီအက်စ်ဂျီ - လိုင်ယွန်	ပီအက်စ်ဂျီ ၁-၂ လိုင်ယွန် လိုင်ယွန် ၂-၃ ပီအက်စ်ဂျီ

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၅

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ တစ်လုံးမှာ ယနေ့အထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း။ ထပ်မံ၍ ၅ ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံး အနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်းရှိ လူအင်အား အသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံး ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများ အနက် ၂ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကိုခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

မဖြိုဖျက်မီ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု





သက်ရက်မြို့၊ အမှတ်(၇)ရပ်ကွက်၊ သရက်အကျဉ်းထောင်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင် ဦးဆောင်၍ တပ်ဖွဲ့ဝင် (၁+၄)ဦးဖြင့် အကျဉ်းထောင်ဝန်ထမ်းများနှင့် မိသားစုဝင်များအား အောက်တိုဘာ ၂၃ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်စဉ်။ (ကဆ)

ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကန့်ဘလူ အောက်တိုဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့ ကျက်သရေဆောင်မဟာရွှေစည်ကြီးစေတီတော်၌ ဘုရားဖူးလာ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရန်နှင့် သန့်ရှင်းသာယာရေးအတွက် ခရိုင်၊မြို့နယ် ဌာနဆိုင်ရာများက အောက်တိုဘာ ၂၄ ရက် နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့နှင့် ခရိုင်၊မြို့နယ် ဌာနဆိုင်ရာမဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်များ ပတ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများ၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့က လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

၀-၀-၀-၀-၀

အယ်လ်ဇိုင်မာပြစ်စဉ်ကြောင့် ပွေးပြားရေးကဏ္ဍဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ

ကျွန်းလှ အောင်တိုဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ အယ်လ်ဇိုင်မာပြစ်ကြောင့် မွေးမြူရေးကဏ္ဍ ထိခိုက်မှုလျော့ချရေး အသိပညာပေး Talk Show ကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းမြင့်က Talk Show ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ကျွန်းလှမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာ ချမ်းမြေ့စံက အယ်လ်နီညိုကြောင့် မွေးမြူရေးလုပ်ငန်းများ ထိခိုက်နိုင်မှုနှင့်ရောဂါဖြစ်ပွားနိုင်မှုအခြေအနေ၊ ကာကွယ်ရေးနည်းလမ်းများ စသည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

ကျွန်းလှမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာ ဗဟုသုတများ ရရှိရေးအတွက် စာအုပ်၊စာစောင် အခမဲ့ငှားရမ်းပေးခြင်း၊ စာဖတ်ရှုရန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ အသိပညာပေး ဟောပြောပွဲနှင့် Talk Show ဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၈၀)

၀-၀-၀-၀-၀

အိတလိမိုးမိုးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၈)အနိုင်၊ အရှုံး NGB

အင်တာမီလန်	၂	၁	ဖိအိုရင်တီးနား
အတ္တလန္တာ	၄	၄	ဖမိုစိုနို
ဂျိုနိအာ	၁	၀	ပင်နိုင်ယာ

ဗဝိန်လာလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀) အနိုင်၊ အရှုံး NGB

ဘိလ်ဘာအို	၄	၀	ဂီတာဖေး
ဆဲလ်တာဗီဂို	၀	၀	ဘက်တစ်

ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၈) အနိုင်၊ အရှုံး NGB

မိုနာကို	၁	၁	လိုင်လီ
အန်းဂါးစ်	၀	၀	လိုရီယန်
အော်ဇေး	၁	၁	လီမက်စ်
ဟဆေးလ်	၄	၃	လီဟာဗာ

ဂျာပန်ဘွန်ဇက်လိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇)အနိုင်၊ အရှုံး NGB

ဟော်ပန်ဟိမ်း	၃	၀	လေဗာကူဆင်
ဗရိုင်းဘတ်	၁	၃	ဘိုင်ယန်မြူးနစ်

အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၈) အနိုင်၊ အရှုံး NGB

ပဲလေ့စ်	၀	၂	နယူးကာဆယ်
ဟားလ်စီးတီး	၁	၁	ဘရန်ဖို့ဒ်
လီဗာပူး	၂	၀	ဘရိုက်တန်
မန်ယူ	၀	၃	ဘုန်းမောက်

သီတင်းကျွတ်ပွဲတော်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် ခရီးသွားလာမှုများပြား ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေး ဆောင်ရွက်



မန္တလေး အောက်တိုဘာ ၂၅

မြန်မာ့ရိုးရာသီတင်းကျွတ်ပွဲတော်အချိန် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းမှစ၍ ရန်ကုန်-မန္တလေးအမြန်လမ်း အသုံးပြုသော ခရီးသွားယာဉ်များ အထူးများပြားသဖြင့် မန္တလေးစကားအင်းတိုးဂိတ်၊ နေပြည်တော် မိုင် ၂၀၀ တိုးဂိတ်တို့တွင် ယာဉ်ကြော ၂၀×၁၈ ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းတစ်ထပ်နေအိမ် တစ်လုံး၊ ၁၈×၂၇ ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်နေအိမ် တစ်လုံး၊ ၁၆×၁၈ ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း တစ်ထပ်နေအိမ် တစ်လုံး၊ စုစုပေါင်း နေအိမ် သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင် ဒေါ်---အား ပူတာအိုမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

နေအိမ် မီးလောင်မှုဖြစ်ပွား

မန္တလေး အောက်တိုဘာ ၂၅

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက် နံနက် ၃ နာရီ မိနစ် ၂၀ ခန့်က ကချင်ပြည်နယ်၊ ပုတာအိုမြို့နယ်၊ ကောင်းကထောင်ရပ်ကွက်၌ ပိုင်ရှင် ဒေါ်---၏ ၂၀×၁၈ ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းတစ်ထပ်နေအိမ်တွင် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် အနီးရှိထရံသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပူတာအိုခရိုင်နှင့် မြို့နယ် မီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် သုံးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် အောက်တိုဘာ ၂၀ ရက် ညနေ ပိုင်းတွင် အမှုဖွင့်ခဲ့ပြီး ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုအရ အောက်တိုဘာ ၂၁ ရက်တွင် မမိုးမြတ်၊ အသက် (၁၉)နှစ်နှင့် မင်းမြတ်ဦး အသက် (၁၉)နှစ်တို့ကို ဖမ်းဆီးစစ်ဆေးခဲ့ကြောင်း ရဲမှူခင်းဆိုင်ရာ စာရွက်စာတမ်းအရ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဆိုင်တာဝန်ခံက ဆိုင်အတွင်းရှိ ကောင်တာများ မွေနှောက်ခံထားရပြီး ဖုန်းများ ပျောက်ဆုံးနေကြောင်းနှင့် ပျောက်ဆုံးဖုန်းများတွင် iPhone၊ OPPO နှင့် Redmi အမျိုးအစားများ ပါဝင်သည်။

CCTV မှတ်တမ်းများအရ အောက်တိုဘာ ၂၀ ရက် နံနက် ၄ နာရီခွဲခန့်တွင် အမျိုးသမီး တစ်ဦး ဆိုင်အတွင်းဝင်ရောက်ကာ ဖုန်းများယူဆောင်သွားသည်ကို တွေ့ရှိခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ရှင်သူမှ ရဲတပ်ဖွဲ့သို့ တိုင်ကြားခဲ့ပြီး ဖြစ်သည်။

(အောက်ပုံ)

ကျော်စေယျ

(မန္တလေးနေ့စဉ်)



မီးကို ကြိုတင်ကာကွယ်ခြင်းဖြင့် အနိုင်ယူပါ။

မန္တလေး ဖုန်းဆိုင်မှ ဖုန်းပျောက်ဆုံးမှု သံသယရှိသူနှစ်ဦးကို ဖမ်းဆီးစစ်ဆေး

မန္တလေး အောက်တိုဘာ ၂၁

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ 'ဒွေင်ဟိန်း' ဖုန်းအရောင်းဆိုင်မှ မိုဘိုင်းဖုန်း ၁၆ လုံး ပျောက်ဆုံးမှုနှင့်ပတ်သက်၍ သံသယရှိသူနှစ်ဦးကို ဖမ်းဆီးစစ်ဆေးခဲ့ကြောင်း ရဲမှူခင်းဆိုင်ရာ စာရွက်စာတမ်းအရ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဆိုင်တာဝန်ခံက ဆိုင်အတွင်းရှိ ကောင်တာများ မွေနှောက်ခံထားရပြီး ဖုန်းများ ပျောက်ဆုံးနေကြောင်းနှင့် ပျောက်ဆုံးဖုန်းများတွင် iPhone၊ OPPO နှင့် Redmi အမျိုးအစားများ ပါဝင်သည်။

CCTV မှတ်တမ်းများအရ အောက်တိုဘာ ၂၀ ရက် နံနက် ၄ နာရီခွဲခန့်တွင် အမျိုးသမီး တစ်ဦး ဆိုင်အတွင်းဝင်ရောက်ကာ ဖုန်းများယူဆောင်သွားသည်ကို တွေ့ရှိခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်သူများကို ဆက်လက်စစ်ဆေးခဲ့ပြီး အောက်တိုဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ချမ်းမြသာစည်မြို့နယ်တရားရုံးတွင် ချုပ်ရမန်ရယူထားကာ ဥပဒေအကြံပြုချက်အရ တရားစွဲတင်ပို့ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

ကျော်စေယျ

(မန္တလေးနေ့စဉ်)



မီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်

မန္တလေး အောက်တိုဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်တွင် စူပါအယ်လ်နီညီကာလအတွင်း မီးလောင်မီးလန့်မှု မဖြစ်ပွားမပေါ်ပေါက်စေရေးအတွက် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းကစတင်၍ ချမ်းမြသာယာရပ်ကွက်အတွင်း၌ မီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ဦး ဦးဆောင်၍ ချမ်းမြသာယာရပ်ကွက်အတွင်းရှိ လူနေအိမ်များအား တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း၊ စူပါအယ်လ်နီညီကာလအတွင်း ဖွင့်လှစ်မည့် အပူရှောင်စခန်းများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)

စင်မင်းမောင်

(ခရိုင်၊ မြန်/ဆက်)

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

စိတ်ကြွမူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ၊ ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့် အတူ အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၃ နာရီက နောင်ချိုမြို့နယ်၊ မကျီးရေ ကျေးရွာအနီးတွင် မိုင်း (၈)မျိုးကြိုးဆိုသူ မောင်းနှင်ပြီး



မဇတ္တာဖူးဆိုသူ လိုက်ပါလာသည့် HINO VAN အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်တွင် သိုဂ်က်သယ်ဆောင်လာသော စိတ်ကြွဆေး ၁ ဒသမ ၃ သိန်းပြားနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အားလည်းကောင်း၊ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မျိုးသန့်ထက်(ခ) မျိုးကြီး (၃၄)နှစ်၊ မဇတ္တာဖူး၊ စိုင်းညွန့်ဆွေ (၂၈)နှစ်နှင့် စိုင်းအောင်ပွင့် (၃၁)နှစ်ဆိုသူတို့အား နောင်ချိုမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့် အတူ အောက်တိုဘာ ၁၈ ရက် ညနေ ၅ နာရီခွဲက ကျိုင်းတုံမြို့နယ်၊ နမ့်အော်ကျေးရွာအနီး ကျိုင်းတုံ-တောင်ကြီးသွားကားလမ်းတွင် ကျလားဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ၄၄၀၀၀ နှင့် စိတ်ကြွဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျလား (၂၃)နှစ် ဆိုသူအား ကျိုင်းတုံမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(ယာဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ ယွန်းပညာကောလိပ်(ပုဂံ)ဝင်းအတွင်းနှင့် ဘုရားများ ပတ်ဝန်းကျင်တွင် ခရိုင် ၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ ဓုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



ညောင်ဦး၊ အောက်တိုဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလေ့လာရေး လာရောက်သူများ စိတ်ချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရေး သန့်ရှင်းရေး ပြုလုပ်ခြင်းကို အောက်တို ဘာ ၂၄ ရက် နံနက် ၇ နာရီက ယွန်းပညာကောလိပ်(ပုဂံ)ဝင်းအတွင်းနှင့် ပတ်ဝန်းကျင်ရှိ ဘုရားများတွင် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တို့ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများသည် ယွန်းပညာကောလိပ်(ပုဂံ)ဝင်းအတွင်းနှင့် ပတ်ဝန်းကျင်ရှိ ဂူပိစပ်ဘုရား၊ ပိစပ်ဂူဘုရားဝင်းအတွင်းနှင့် အပြင် ဘက်ရှိ အမှိုက်များ လှည်းခြင်းနှင့် ဘုရားအပြင်ပတ်လမ်း ဘေးဝဲ၊ ယာရှိ ပေါင်းမြက်များ၊ ချုံနွယ်များအား စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်တို့ဖြင့် ရှင်းပြီးသား ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများအား စည်ပင်သာယာရေး အမှိုက်ကျင်းသို့ ပို့ဆောင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)
(၄၈၁)

အင်ဒိုနီးရှားနိုင်ငံ ICRRI နှင့် MoU လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းကြောင့် ကော်ဖီအရည်အသွေးမြှင့်တင်ရေးနှင့် နိုင်ငံတကာဈေးကွက် ချဲ့ထွင်ရေး အခွင့်အလမ်းများ ရရှိလာနိုင်



မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကော်ဖီအသင်း(MCA)နှင့် အင်ဒိုနီးရှားကော်ဖီနှင့် ကိုကိုး သုတေသနအင်စတီကျု(ICCRI) တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ရာ ကော်ဖီအရည်အသွေးမြှင့်တင်ရေးနှင့် နိုင်ငံတကာဈေးကွက် ချဲ့ထွင်ရေးတို့အတွက် အထောက်အကူဖြစ်လာနိုင်သည်။

ပူးပေါင်းဆောင်ရွက်မှုမှ တစ်ဆင့် အဆင့်မြင့်ကော်ဖီမျိုးစေ့များနှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ဖလှယ်နိုင်မည်ဖြစ်သဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းစနစ်များ ပိုမိုကောင်းမွန်လာစေရန်နှင့် ထုတ်လုပ်မှုအရည်အသွေးမြှင့်တင်နိုင်ရန် အခွင့်အလမ်းများ ရရှိလာနိုင်သည်။

ထို့အပြင် သုတေသနနှင့် နည်းပညာဆိုင်ရာ အသိပညာများ မျှဝေခြင်းဖြင့် နိုင်ငံတကာ ဈေးကွက်၏ လိုအပ်ချက်များနှင့် ကိုက်ညီသည့်အရည်အသွေး မြင့်ကော်ဖီများ ထုတ်လုပ်နိုင်ရေးကို အထောက်အကူပြုလာနိုင်မည် ဖြစ်သည်။

အရည်အသွေးမြင့်ကော်ဖီထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကွန်ရက်များ ချဲ့ထွင်နိုင်ခြင်းကြောင့် မြန်မာ့ကော်ဖီများ ပြည်ပဈေးကွက်သို့ ပိုမိုဝင်ရောက်နိုင်မည့်အပြင် ကော်ဖီစိုက်ပျိုးသူများနှင့် လုပ်ငန်းရှင်များအတွက်လည်း စီးပွားရေးအခွင့်အလမ်းများ တိုးမှားလာနိုင်မည်ဖြစ်သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၊ Indonesia Convention Exhibition (ICE BSD) ၌ ကျင်းပသည့် 41st Trade Expo Indonesia ပွဲ၏ Pavilion Coffee တွင် MCA နှင့် ICCRI တို့ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)
(မန္တလေးနေ့စဉ်-၈)

ရေနုတ်မြောင်းသည်
အမှိုက်များနှင့်ပစ်ရန်
နေရာမဟုတ်ပါ။

သီတင်းကျွတ်ဆီမီးထွန်းပွဲတော်တွင် ပါဝင်ဆင်နွှဲနိုင်ပါရန် ဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ သီတင်းကျွတ်ဆီမီး (၁၀၀၀၀)မီးထွန်းပွဲတော်ကို (၂၆-၁၀-၂၀၂၆)ရက် သီတင်းကျွတ်လပြည့်ညတွင် မန္တလေးမြို့၊ ၂၆လမ်း၊ ၆၆လမ်းနှင့် ၇၃လမ်းကြား၌ စတုဒိသာအကျွေးအမွေးများ၊ တေးဂီတဖျော်ဖြေမှုများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပါသဖြင့် မန္တလေးမြို့တော်သူ၊ မြို့တော်သားအပေါင်းတို့မှ မြန်မာ့ရိုးရာ သီတင်းကျွတ်ပွဲတော်အား အတူတကွ ပါဝင်ဆင်နွှဲကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

- နေ့ရက် - ၂၆-၁၀-၂၀၂၆ (တနင်္လာနေ့)၊ ၁၃ရစခနှစ်၊ သီတင်းကျွတ်လပြည့်နေ့
- အချိန် - ညနေ(၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီအထိ
- နေရာ - ၂၆လမ်း၊ ၆၆လမ်းမှ ၇၃လမ်းအထိ
- ဖျော်ဖြေရေး - မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့
- အစီအစဉ် (၂၆လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား) စင်မြင့်တွင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် မေခလာ၊ L ဆိုင်းဖီ၊ မယ်လိုဒီ၊ ရဲထွဋ်ကျော်၊ နေမင်းအိမ်၊ ဘိုမ(ကေတုမတီ)၊ ချစ်ခွဲသာ၊ ပန်းလေး၊ ဇကရီစုစု၊ ခိုင်ဇင်လင်း၊ ယွန်းမီ၊ နော်ထူး၊ ထက်ထက်၊ DJ Bella၊ Dancers အဖွဲ့များနှင့် မန်းစည်ပင်ခေတ်ပေါ် တေးဂီတအဖွဲ့
- ပြည်ခံကျွေးမွေးရေး - စတုဒိသာ မဏ္ဍပ်များ

သီတင်းကျွတ်ဆီမီးထွန်းပွဲတော်အတွက် ခေတ္တလမ်းပိတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ သီတင်းကျွတ်ဆီမီး (၁၀၀၀၀) မီးထွန်းပွဲတော်ကို သီတင်းကျွတ်လပြည့်ည (၂၆-၁၀-၂၀၂၆)ရက်တွင် မန္တလေးမြို့၊ ၂၆လမ်း၊ ၆၆လမ်းနှင့် ၇၃လမ်းကြား၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် အဆိုပါလမ်းနေရာအား (၂၄-၁၀-၂၀၂၆)ရက်နေ့ ၁၈:၀၀နာရီမှ (၂၇-၁၀-၂၀၂၆)ရက်နေ့ ၀၆:၀၀ နာရီအထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

တောင်တွင်းကြီး အောက်တိုဘာ ၂၅

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တဲကြီးကုန်းကျေးရွာ၌ ပြည်သူကိုယ်တိုင်စီမံခန့်ခွဲသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ထောက်ပံ့ရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများမှ အောက်တိုဘာ ၂၅ ရက်နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးထွန်းကျော်ကျော်မျိုးနှင့် ဝန်ထမ်းများမှ ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့် အတူ တဲကြီးကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီးနောက် ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

တောင်တွင်းကြီးမြို့နယ် တဲကြီးကုန်းကျေးရွာ၌ အရှည် ၄၀၀ ပေ၊ အကျယ် ၁၂ ပေ၊ အဝင့် ၆ လက်မရှိသောကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ပြည်သူကိုယ်တိုင် စီမံခန့်ခွဲသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ထောက်ပံ့ရန်ပုံငွေကျပ် ၁၅သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၆ သန်း၊ စုစုပေါင်းငွေကျပ် ၂၁ သန်းဖြင့် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာပြည်သူကိုယ်တိုင် အောက်တိုဘာ ၆ ရက်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်း ကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက တဲကြီးကုန်းကျေးရွာရှိ အိမ်ခြေ ၁၀၁ အိမ်မှ လူဦးရေ ၄၇၁ ဦးတို့၏ သွားလာရေးလွယ်ကူစေမှာဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးထံမှ သိရသည်။



(ဝဲပုံ)
ချိုလေး

o-o-o-o-o-o-o-o-o

ကြံတစ်တန်လျှင် ငွေကျပ် ၁၈၀၀၀ ဖြစ်ကြောင်း စက်ရုံက ထုတ်ပြန်၊ ယခုနှစ် သကြားကုန်ချော တန်ချိန် ၅ သိန်းခန့် ထွက်ရှိမည်

မန္တလေး အောက်တိုဘာ ၂၅

ယခုနှစ် စိုက်ပျိုးရာသီအတွင်း တစ်နိုင်ငံလုံး၌ ကြံကြိတ်ဝါးတန်ချိန် သိန်း ၅၀ ခန့် ကြိတ်ဝါးနိုင်မည်ဟု ခန့်မှန်းထားသဖြင့် ပြည်တွင်း၌ သကြားကုန်ချော တန်ချိန် ၅ သိန်းခန့် ထွက်ရှိလာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောသည်။

လက်ရှိတွင် သကြားစက်ရုံများက ၎င်းတို့၏ စက်ရုံအရောက် ကြံတစ်တန်လျှင် ငွေကျပ် ၁၈၀၀၀၀ နှုန်းဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၃ ရက်စွဲဖြင့် ငွေရည်ပုလဲသကြားရုံက စတင်ထုတ်ပြန်ထားကြပြီး အဆိုပါ ဈေးနှုန်းသည် ကြံစိုက်တောင်သူများ အဆင်ပြေစေရေးနှင့် စက်ရုံများ ပုံမှန်လည်ပတ်နိုင်ရေး အတွက် သင့်တင့်မျှတသည့်အခြေအနေတစ်ခုဖြစ်သည်။

"ယခုနှစ် သကြားဈေးနှုန်းကတော့ တစ်ပိသာလျှင် ငွေကျပ် ၄၁၀၀ ဝန်းကျင်မှာ ရှိနေတယ်။ ကြံကြိတ်ဝါးမှုနဲ့ ပတ်သက်လို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းနဲ့ ရှမ်းပြည်နယ်တို့မှာ သကြားစက်ရုံတွေ ပုံမှန်လည်ပတ်မှာ ဖြစ်ပြီး ပြည်တွင်းသကြားလိုအပ်ချက်အတွက် တန်ချိန် ၅ သိန်း အောက် လျှော့နည်းမသွားနိုင်ဘူး" ဟု ၄င်းက ပြောသည်။



ယခုနှစ်တွင် ကြံကြိတ်ခွဲသည့် ရာသီကို ပုံမှန်ထက် အနည်းငယ်စောချီ နိဝင်ဘာလ ဆန်းပိုင်းမှစတင်ကာ ဒေသအလိုက် စိုက်ပျိုးချိန်နှင့် ရာသီဥတုအခြေအနေပေါ် မူတည်၍ ကြိတ်ခွဲသွားမည်ဖြစ်သည်။

ပြည်တွင်း သကြားလက်ကျန် နည်းပါးနေချိန်တွင် စက်ရုံများ စောစီးစွာ ကြိတ်ခွဲနိုင်ပါက ပြည်တွင်း သကြားလိုအပ်ချက်ကို အချိန်မီ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး တောင်သူများအနေဖြင့်လည်း ရရှိလာသည့် ကြံဈေးနှုန်းအရ ကြံစိုက်ခင်းသစ်များ ထပ်မံစိုက်ပျိုးရန်အတွက် အရင်းအနှီး ရရှိလာမည်ဖြစ်ပြီး လက်ရှိကြံစိုက်ခင်းများကိုလည်း ပေါင်းရှင်းခြင်း၊ မြေဩဇာကျွေးခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ) ရွှေမန်း**



မြန်မာ့ကော်ဖီ တရုတ်ဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန် ကြိုးပမ်းနေ

မန္တလေး အောက်တိုဘာ ၂၅

မြန်မာ့ကော်ဖီများကို တရုတ်နိုင်ငံ၏ ကြီးမားကျယ်ပြန့်သော ဈေးကွက်အတွင်း ပိုမိုထိုးဖောက်တင်ပို့နိုင်ရေးနှင့် ပြည်တွင်းကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် တရုတ်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း မြန်မာနိုင်ငံကော်ဖီအသင်း (MCA) မှ သိရသည်။

တရုတ်နိုင်ငံတွင် ကော်ဖီသောက်သုံးမှုနှုန်း ဝယ်လိုအားများမြင့်တက်လာခြင်းအပြင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆက်သွယ်မှုများ ပိုမိုခိုင်မာလာခြင်းတို့ကြောင့် မြန်မာ့ကော်ဖီများကို တရုတ်ဈေးကွက်အတွင်း ပိုမိုကျယ်ပြန့်စွာ ဖြန့်ဖြူးရောင်းချနိုင်ရန် မျှော်မှန်းထားသည်။ **(အပေါ်ဝဲပုံ)**

မြန်မာနိုင်ငံတွင် ကော်ဖီကို ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့၌ အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ကုန်းမြင့်ဒေသများတွင် အာရေဗီကာ (Arabica) ကော်ဖီမျိုးနှင့် မြေနိမ့်ပိုင်းဒေသများတွင် ရိုဘတ်စတာ (Robusta) ကော်ဖီမျိုးများကို စိုက်ပျိုးလျက်ရှိသည်။

ထို့အပြင် မြန်မာ့ကော်ဖီလုပ်ငန်းသည် မကြာသေးမီနှစ်များအတွင်း တိုးတက်မှုများရှိလာခဲ့ပြီး နိုင်ငံတကာဈေးကွက်တွင်လည်း အသိအမှတ်ပြုမှု ပိုမို ရရှိလာကြောင်း MCA က ဆိုသည်။

လက်ရှိတွင် မြန်မာနိုင်ငံ ကော်ဖီအသင်းအနေဖြင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ ကော်ဖီသင်တန်းကျောင်းများ၊ ကော်ဖီအသင်းအဖွဲ့များနှင့် ကုန်သည်ကြီးများအသင်းများအပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးထားသည်။

တစ်ဖက်တွင်လည်း ပြည်တွင်းကော်ဖီကဏ္ဍ၏ တန်ဖိုးမြှင့်ထုတ်လုပ်မှုကို တိုးမြှင့်နိုင်ရန် ကော်ဖီတန်ဖိုးမြှင့်ထုတ်လုပ်ရေးစက်ရုံများ၊ ကော်ဖီလှော်စက်ရုံများနှင့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်ဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးတွင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ ပါဝင်လာစေရန်လည်း MCA က ကြိုးပမ်းလျက်ရှိသည်။

ယင်းကဲ့သို့ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့နိုင်ပါက မြန်မာ့ကော်ဖီများအတွက် ဈေးကွက်ဝင်ရောက်ခွင့် ပိုမိုရရှိလာနိုင်သည့်အပြင် ပြည်တွင်း၌ ကော်ဖီတန်ဖိုးမြှင့်ထုတ်လုပ်မှုနှင့် လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူဖြစ်လာနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

သီတင်းကျွတ်ကာလ ကန်တော့လက်ဆောင် သစ်သီးခြင်းများ ဈေးမြင့်တက်လာ

သီတင်းကျွတ်ကာလ ကန်တော့လက်ဆောင် သစ်သီးခြင်းများ ယခင်နှစ်ထက် ဈေးနှစ်ဆခန့် မြင့်တက်လာကြောင်း လက်ဆောင်သစ်သီးခြင်းရောင်းချသူများထံက သိရသည်။

ယခုနှစ်တွင် တရုတ်နိုင်ငံမှ တင်သွင်းသည့် ပန်းသီးအပါအဝင် သစ်သီးများ ဝင်ရောက်မှုမရှိသော်လည်း ထိုင်းနိုင်ငံမှ ဝင်ရောက်သည့် သစ်သီးများ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ဝင်ရောက်သည့် အသီးများကို ဈေးကွက်ထဲရောင်းချလျက်ရှိရာ ယင်းသစ်သီးများကို သီတင်းကျွတ်ကန်တော့လက်ဆောင် သစ်သီးခြင်းများ ပြုလုပ်ရောင်းချနေရာ တစ်ခြင်းလျှင် ငွေကျပ် ၁၃၀၀၀၀ ၊ ၃၀၀၀၀၀ ၊ ၅၀၀၀၀၀ အထိ ပေါက်ဈေးရှိကြောင်း၊ ယခင်နှစ်များက ငွေကျပ် ၅၀၀၀၀ တန်အသီးခြင်းဆိုလျှင် ကောင်းကောင်းလှလှပပ ရှိသော်လည်း ယခုနှစ်တွင် ငွေကျပ် ၁၀၀၀၀၀ တန် အသီးခြင်းမှ ကောင်းကောင်းလှလှရရှိကြောင်း ကိုဝေယံမောင်က ပြောသည်။ **(ဝဲပုံ)**



"ဒီနှစ်က တရုတ်ကအသီးအဝင်နည်းသလို ထိုင်းအသီးတွေကို ရောင်းရတော့ ဈေးမြင့်တယ်။ ပန်းသီး၊ လိမ္မော်သီး၊ ပန်းသစ်တော်၊ စပျစ်သီးတွေနဲ့ အသီးခြင်းလှအောင်ထည့်ရင် ၁၀၀၀၀၀ တန်လောက်မှ လှတယ်။ အရင်နှစ်တွေကဆို ငွေကျပ် ၅၀၀၀၀ ဆိုရင် အသီးခြင်းလှလှရတယ်။ ကန်တော့ခြင်း၀ယ်တာတွေ၊ မှာတာတွေတော့ အရောင်းသွက်လျက်ရှိတယ်" ဟု ၄င်းက ပြောသည်။

ယခု အချိန်တွင် ပြည်တွင်း သစ်သီးများအနေဖြင့် ဖရဲသီး၊ သြဇာသီး၊ နဂါးမောက်သီးများသာ ဈေးကွက်အတွင်း ရောင်းချလျက်ရှိပြီး ထိုင်းနိုင်ငံမှ ပန်းသီး၊ ပန်းသစ်တော်၊ စပျစ်သီး၊ ဆန်းကစ်လိမ္မော်သီးများကို မြဝတီလမ်းကြောင်းမှတစ်ဆင့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးဈေးကွက်အတွင်း ရောင်းချလျက်ရှိသည်။

သင်္ကြန်ကာလ သီတင်းကျွတ်ကာလ၊ တန်ဆောင်တိုင်ကာလ နှစ်သစ်ကူးကာလတွေမှာ ကန်တော့လက်ဆောင်သစ်သီးခြင်းများ၊ အချိုရည်အမျိုးမျိုး၊ ကော်ဖီ၊ မုန့်များအပြင် ဆေးဝါးများကို ကန်တော့လက်ဆောင်ခြင်းများဖြင့် မိဘ၊ဆရာသမားများကို ဝယ်ယူကန်တော့ကြလေ့ရှိကြောင်း သိရသည်။ **ရွှေမန်း**

မန္တလေးတက္ကသိုလ်အတွင်းရှိ ဓေတီ၊ သိမ်နှင့် အထင်ကရနေရာများ ဆီမီးထွန်းပွဲကျင်းပ၍ စတုဒိသာကျွေးမည်

မန္တလေး အောက်တိုဘာ ၂၅

မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ အသင်းမှကြီးမှူး၍ ဗုဒ္ဓဘုရားရှင် ကိုရည်မှန်းပြီးမန္တလေးတက္ကသိုလ်အတွင်းရှိ စီးတော်မြင်းဝန်သိမ်၊ ဗန်းမော်သိမ် အပါအဝင်မြရတနာစူဠာမဏိဆုတောင်းပြည့်စေတီတော်ရင်ပြင်၊မန္တလေးတက္ကသိုလ်၏ အထင်ကရနေရာများ၊ လေကားထစ်များ၊ အဓိပတိတိုင်ခြောက်လုံးနေရာများတွင် သီတင်းကျွတ်လပြည့် အောက်တိုဘာ ၂၆ ရက် ညနေ ၅ နာရီ မှစ၍ ဆီမီးများ ထွန်းညှိခြင်း၊ ရောင်စုံလျှပ်စစ်မီးများ ထွန်းညှိပူဇော်သွားမည်ဖြစ်သည်။

မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ အသင်းမှလည်း ပါဝင်ဆင်နွှဲသူများအား ကြာဆံပင်းစတုဒိသာတိုက်ကျွေးကုသိုလ်ပြုမည်ဖြစ်ကြောင်း သိရသည်။

(၀၄၅)

o-o-o-o-o-o-o-o



မဟာမုနိဘုရားကြီး ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေနှင့် သီတင်းကျွတ်ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၅

မဟာမုနိဘုရားကြီးဂေါပကအဖွဲ့က ဘုရားပရိဂုဏ်အတွင်းရှိ ဗုဒ္ဓဝင်ပြခန်း ခန်းမတွင် အောက်တိုဘာ ၂၄ ရက် နေ့လယ်ပိုင်းက ထူးချွန်စွာ တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေနှင့်ဝန်ထမ်းများအား သီတင်းကျွတ် ထောက်ပံ့ငွေ ပစ္စည်းများ ပေးအပ်ပွဲကို ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌဦးအောင်နိုင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး တာဝန်အား ထူးချွန်စွာဆောင်ရွက်ခဲ့သည့် ဘုရားလုံခြုံရေးဝန်ထမ်း သုံးဦးအား တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီ၊ တာဝန်ထမ်းဆောင်သော ဝန်ထမ်း ၂၉၇ ဦးအား သီတင်းကျွတ် ထောက်ပံ့ငွေ တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီ၊ ဆန်၊ ဆီ များကိုလည်းကောင်း၊ မဟာမုနိဘုရားကြီး၏ လုပ်ငန်းများအား တက်ကြွစွာပူးပေါင်းဆောင်ရွက်သည့် ဌာနများအား ငွေကျပ် သုံးသိန်းစီလည်းကောင်း အသီးသီး ချီးမြှင့်ပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲသို့ မဟာမုနိဂေါပကအဖွဲ့ဝင် တာဝန်ရှိသူများ၊ ဘုရားကြီးဝန်ထမ်းများ စုစုပေါင်း လူဦးရေ ၃၀၀ ဦးခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

o-o-o-o-o-o-o-o

ပန်းမြတ်တစ်ငုံ ဖူးခွင့်ကြုံဖို့

'ဝါကျွတ်ပွဲတော်' 'မြင်းမိုရ်ပွဲတော်' 'တာဝတိံသာပွဲတော်' စသည့် အမည်အမျိုးမျိုးဖြင့် ဝါကျွတ်ကာလ၏ ဘာသာရေးပွဲတော်များကို ကျင်းပပြုလုပ်လေ့ရှိသည့် သီတင်းကျွတ်လသို့ပင် ရောက်ရှိလာခဲ့ချေပြီ။ ဝါကျွတ်ပွဲတော်ဆိုသည်မှာ ဝါလကင်းလွတ် သီတင်းကျွတ်၏ လပြည့်ညတွင် 'တာဝတိံသာ' နတ်တို့ရွာမှ လူတို့ ဌာနီ သင်္ဘသနဂိုရ်ပြည်ကို ပြန်လည်ကြွမြန်းလာသော မြတ်စွာဘုရားရှင်အား ဆီမီး၊ ပန်း၊ နံ့သာတို့ဖြင့် ပူဇော်ကန်တော့သည့် ပွဲတော်ဖြစ်သည်။ ထို့ပြင် ဝါတွင်းကာလတွင် ဝါဆို၊ ဝါကပ်တော်မူကြသော သံဃာတော်များသည် ဝါကျွတ်သည့်အခါ ပုရိမဝါမှ ထတော်မူကြ၍ ဝါတွင်းကာလ ဝါဆို၊ ဝါကပ်တော်မူကြစဉ် အတူနေရဟန်းသံဃာတော်များအပေါ် မဖွယ်မရာ အပြစ်များပြုခဲ့မိပါက အပြစ်မှ ခွင့်လွှတ်ပေးတော်မူကြရန် အပြန်အလှန် တောင်းပန်လျှောက်ထားကြခြင်း၊ နောင်သောကာလ ဝါတွင်း၊ ဝါပ အခါသမယများတွင် မိမိ၏ လုပ်မှား၊ ကိုင်မှား ရဟန်းတော်တစ်ပါးအနေနှင့် မအပ်ရာ၊ မဖွယ်ရာ ကိစ္စရပ်များ ပြုလုပ်မိသည်ကို တွေ့မြင်သိရှိကြပါက အခါမရွေး ဆုံးမပေးနိုင်ပါကြောင်း လျှောက်ထားပန်ကြားသော 'ပဝါရဏာပွဲတော်' ကို ဆင်နွှဲကြသော လလည်းဖြစ်သည်။ ထို့ပြင် ထိုဝါတွင်းသုံးလတွင် နတ်တို့ရွာ၌ အဘိဓမ္မာတရားဟောကြားတော်မူသည်ကို အကြောင်းပြု၍ 'အဘိဓမ္မာအခါတော်နေ့' ကျင်းပသော အစဉ်အလာကို ဆက်လက်ထိန်းသိမ်းသော အားဖြင့် ဘာသာရေးပွဲတော်များကို နှစ်စဉ်မပြတ် ကျင်းပကြသော လလည်း ဖြစ်ပေသည်။

တစ်နှစ်တာကာလ တစ်ဆယ့်နှစ်လတွင် သီတင်းကျွတ်လသည် ဘာသာရေးပွဲတော်၊ ဘုရားပွဲတော်၊ အလှူအတန်းပွဲတော်များနှင့် တင့်တယ်သောလဖြစ်သလို မိုးရာသီနှင့် ဆောင်းရာသီ နှစ်ခု၏ စပ်ကူးမဝ်ကူး ဖြစ်သည့်လ၊ ရာသီစက်ဝန်းသည် 'တူရာသီ' ဖြစ်ကာ 'အာသာဝဏီ' နက္ခတ်ထွန်းလင်းသောလ၊ 'ကျီးတာရာ' နှင့် ချိန်ခွင်ကို ကိုင်ဆောင်ထားသော ယောက်ျားပုံ 'ရာသီရုပ်' အမှတ်အသားရှိသောလ၊ ကြာဖြူ၊ ကြာညို၊ ကြာနီ စသည်ဖြင့် ကြာမျိုးစုံစွာ ရာသီပန်းများ ပွင့်လန်းရာ လဖြစ်၍ သာယာလှပသော လဟု ခေါ်ရပေမည်။

ရှေးယခင် ဂေါတမဗုဒ္ဓရှိစဉ်က မြတ်စွာဘုရားသည် နတ်တို့ပြည်ရွာ တာဝတိံသာ၌ ခုနစ်ဝါမြောက် ဝါဆို၊ ဝါကပ်တော်မူစဉ် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အကြောင်းပြု၍ နတ်ဗြဟ္မာအပေါင်းကို ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာခုနစ်ကျမ်း ဟောကြားတော်မူခဲ့ပါသည်။ ဝါလကင်းလွတ် သီတင်းကျွတ်သို့ ရောက်သောအခါ နတ်တို့ပြည်ရွာ တာဝတိံသာမှ လူတို့နေရွာ ပြည် နာဂရာသို့ ပြန်လည်ကြွချီတော်မူရာတွင် သိကြား၊ နတ်မင်း ဖန်ဆင်းအပ်သော ရွှေ၊ ငွေ၊ ပတ္တမြား လေ့ကားစောင်းတန်း သုံးသွယ်လမ်းဖြင့် နတ်၊ ဗြဟ္မာ အပေါင်းခြံရံကာ မြန်းကြွသက်ဆင်းတော်မူလာသော မြတ်ဗုဒ္ဓအား နံ့သာ၊ ဆီမီး ရောင်စုံညီးလျက် ပူဇော်ကန်တော့ကြသည်။ ဖူးမြော်ကြရသည့် လူအပေါင်းတို့လည်း ကြည်ညိုသဒ္ဓါစိတ်များဖြစ်ပွားကာ ပုထုဇဉ်များပီပီ ဘုရားအဖြစ်ကို လိုလားတောင်းတစွာ ဘုရားဆုကို ပန်ကြသည်။ ထို့ပြင် နိဗ္ဗာန်ပြည်နန်းကျွတ်တမ်းဝင်လိုကြသည်။ ကျွတ်တမ်းဝင်ရန် 'ပါရမီ' ဓာတ်ခံမရင့်သန်သေးပါကလည်း မြတ်စွာဘုရားအဆူဆူပွင့်တော်မူလျှင် ဖူးတွေ့နိုင်ရန် ဆုတောင်းကြသည်။ ရှင်တော်ဂေါတမ၏ သာသနာ့နောက်ပိုင်းကာလများတွင် လူဖြစ်လာကြသော နောက်လူများသည် နောက်ဗုဒ္ဓတစ်ဆူ ပွင့်တော်မူမည်ကို သိရှိကြသဖြင့် ဤဘဒ္ဒကမ္ပ၏ နောက်ဆုံးပွင့်တော်မူမည့် အရိမေတ္တေယျဘုရားအား ဖူးတွေ့နိုင်ကြစေရန် ကျင့်ဆောင်ရမည့်တရားများကို ကျင့်ဆောင်ကြသည်။ လူတို့ကျင့်ဝတ်မချွတ်ရအောင် ကိုယ်ကျင့်တရား ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဥပုသ်သီလများကိုလည်း စောင့်ထိန်းကြသည်။ ဘာဝနာတရား ကျင့်ကြံပွားကာ ကြိုးစားအားထုတ်ကြသည်။ နှစ်စဉ်နှစ်တိုင်း မြန်မာတို့၏ ဝါတွင်းကာလသည် ဝါဆိုလပြည့်ကျော် ၁ ရက်မှ သီတင်းကျွတ်လဆန်း ၁၅ ရက် (သီတင်းကျွတ်လပြည့်နေ့)အထိ ဝါတွင်းသုံးလ ဖြစ်ပါသည်။ ဝါထပ်သော နှစ်များတွင် ဝါဝင်ခြင်းကို ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်မှ စတင်ပါသည်။ ဝါတွင်း သီတင်းစဉ်များကို ဝါဆိုလပြည့်နေ့ပါ ထည့်၍ ရေတွက်လျှင် သီတင်းစဉ် ၁၃ ပတ် ရှိပါသည်။ ဝါတွင်းကာလ ၁၃ ပတ်၏ အပတ်စဉ် ဥပုသ်နေ့တိုင်းတွင် ဗုဒ္ဓဘာသာဝင်များသည် ဥပုသ် သီတင်းသီလ ဆောက်တည်ကြသည်။ ယခုအခါ ထိုသို့ စောင့်ထိန်း အပ်သော ဥပုသ်သီလတို့နှင့် နေထိုင်ကြသည့် သူတော်စင်များကို တွေ့မြင်ရသောအခါ ထူးမြတ်ကြသည့်သူများဖြစ်၍ ထိုအကျင့်တရားများကြောင့် မကြာမီဘဝများတွင် ကျွတ်တမ်းဝင်ကြပေတော့မည်။ နောင်ပွင့်တော်မူမည့်ဘုရားအား ဖူးတွေ့နိုင်ကြပေတော့မည်ဟု အားရဝမ်းသာကျေနပ်စွာ ပီတိဖြာမိပါသည်။ ဝမ်းမြောက်ကြည်နူး အထူးနှစ်သက်မိပါသည်။ ဆိုချင့်သည်မှာ ဤဘဒ္ဒကမ္ပာတွင် ဗုဒ္ဓ ၎င်းဆူ ပွင့်တော်မူမည့် အခွင့်ထူးကြောင့် ပွင့်ထွန်းရန် ကျန်နေသည့် ဘဂဝါစိန္ဓေထူးကို လက်ဦးစွာ ဖူးတွေ့နိုင်ကြတော့မည်ဟု ဆင်ခြင်မိ၍ ဖြစ်ပါသည်။

မြတ်ဘုရားငါးဆူ ပွင့်တော်မူရခြင်းအကြောင်းကို လေ့လာကြည့်သောအခါ ဘဒ္ဒကမ္ပာဖြစ်၍သာ ဘုရားငါးဆူ ပွင့်တော်မူခြင်းဖြစ်သည်ဟု သိရသည်။ ဤလောကကြီးတွင် ကမ္ဘာခြောက်မျိုးရှိသည်ဟု ဆိုကြသည်။ ထိုကမ္ဘာများမှာ ၁။ သာရကမ္ဘာ(ဘုရားတစ်ဆူပွင့်သောကမ္ဘာ)၊ ၂။ မဏ္ဍကမ္ဘာ(ဘုရားနှစ်ဆူပွင့်သောကမ္ဘာ)၊ ၃။ ဝရကမ္ဘာ(ဘုရားသုံးဆူပွင့်သောကမ္ဘာ)၊ ၄။ သာရမဏ္ဍကမ္ဘာ(ဘုရားလေးဆူပွင့်သောကမ္ဘာ)၊ ၅။ ဘဒ္ဒကမ္ဘာ(ဘုရား၎င်းဆူပွင့်သောကမ္ဘာ)၊ ၆။ သုညကမ္ဘာ(ဘုရားမပွင့်သောကမ္ဘာ)ဟူ၍ ကမ္ဘာခြောက်မျိုး ရှိကြောင်း ဆရာကြီး ဦးသုခ၏ 'သုခမှတ်စု'တွင် ပြဆိုထားပါသည်။ ထို့ကြောင့် ယခုကမ္ဘာသည် ဘဒ္ဒကမ္ဘာဖြစ်၍ ဘုရား၎င်းဆူပွင့်တော်မူမည် ဖြစ်ပါသည်။ ယခုအခါတွင် လေးဆူမြောက်ဘုရား ဂေါတမဗုဒ္ဓ ပွင့်တော်မူပြီးဖြစ်၍ ပွင့်တော်မူရန် ဘဂဝါအရိမေတ္တေယျဘုရား တစ်ဆူသာ ကျန်ရှိနေပါတော့သည်။ ထိုသို့ ဗုဒ္ဓလေးဆူ ပွင့်တော်မူသွားပြီဆိုသော်လည်း ဂေါတမဗုဒ္ဓ၏ သာသနာနောက်ပိုင်း လူဖြစ်လာကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မြတ်ဘုရား ဟောပြတရားဓမ္မအတိုင်း မဆိုင်းမတွ ကျင့်ဆောင်နေကြလျှင် မဂ်ဖိုလ်နိဗ္ဗာန် ရောက်ရှိ၊ ရရှိနိုင်သော အခွင့်ထူးများ ရှိနေပါသေးသည်။ သို့သော် နောင်ပွင့်တော်မူမည့် ဘုရားအား ဖူးတွေ့လိုကြသည့်ဆန္ဒ ပြင်းပြကြလျှင်ဖြင့် နောင်ပွင့်တော်မူမည့် အရိမေတ္တေယျ 'ဘဂဝါ' အား ဖူးမြော်တွေ့ဆုံနိုင်စေမည့် အကျင့်တရားများကို ကြိုတင်ပွားများထားရန် လိုအပ်ပါသည်။ ယခုဗုဒ္ဓအရိပ်သာမက နောင်ဗုဒ္ဓအရိပ်ပါ ခိုလှုံနိုင်အောင် ကိုယ်ကျင့်တရားနှင့် ဥပုသ်သီလများကို ကျင့်ပွားထားရမည်ဖြစ်သည်။ ဥပုသ်သီလဆောက်တည်ခြင်းသည်လည်း နောင်ပွင့်မည့်ဘုရားအား ဖူးတွေ့နိုင်ရန်အတွက် အကြောင်းအရင်းတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် နောင်ပွင့်မည့်ဘုရားအား ဖူးတွေ့နိုင်ကြစေလို၍ စာကဗျာတို့နှင့် သတိပေးထားသည်မှာ-

စံပယ်တဲ့ လေးရဲ့၊
ပျိုတို့မောင် မပန်ထိုက်တယ်
ပန်းပြတ်ခိုက်ကြို ။
အပွင့်ရယ်ကုန် တစ်ငုံကျန်ပါသေးတယ်
ပန်ချင်သူ ပျိုမောင်ကြီးရယ်
ခေါင်းဖြီးခဲ့လေး။ ဟု ဆိုကြပါသည်။

ဆိုလိုသည်မှာ ဘုရားငါးဆူပွင့်တော်မူရမည့် ယခုဘဒ္ဒကမ္ပာမှာ မြတ်ဘုရားလေးဆူ ပွင့်တော်မူသွားကြပြီး ဖြစ်ပါသည်။ မြတ်ဘုရားလေးဆူ ပွင့်တော်မူသော်လည်း 'အဝိဇ္ဇာ၊ တဏှာ' အရင်းခံ၍ အဖြင်ကန်းကာ မဃဋ်သတ်နိုင်သေးသည့် ကိလေသာကြောင့် ကျွတ်တမ်း မဝင်နိုင်သေးသည့် ပုထုဇဉ်များ၊ နောင်ပွင့်မည့် ဘုရားအား ဖူးတွေ့ကျွတ်တမ်းဝင်နိုင်ကြစေရန်၊ မိမိကိုယ်ကိုယ် အကုသိုလ်ဒုစရိုက်ဆိုးများ ကင်းရှင်းစင်ကြယ်အောင်၊ ကုသိုလ်တရားတိုးပွားအောင်၊ သီလတရား၊ ကိုယ်ကျင့်တရားများကို လေးစားလိုက်နာဖြည့်ကျင့်ဆည်းပူးထားကြရန်၊ သတိပေးလှုံ့ဆော်ထားခြင်းဖြစ်သည်ဟု အကျဉ်းအားဖြင့် ဆိုပါရစေ။ အကျယ်ဖွင့်ဆိုရလျှင် ထိုကဗျာသည် ရှေးယခင် စာဆိုရှင်တစ်ဦး၏ အလင်္ကာမြောက်စွာ ရေးသားထားသော လေးချိုးကဗျာတစ်ပုဒ် ဖြစ်သည်။ စာဆိုရှင်၏ ထိုကဗျာသည် အနက်အဓိပ္ပာယ် လေးနက်လွန်းသော ကဗျာတစ်ပုဒ်ဟု ဆိုပါရစေ။ ကျွန်တော်တို့ နေထိုင်ရာ ဘဒ္ဒကမ္ပာကြီးတွင် ဘုရားငါးဆူ ပွင့်တော်မူရန်ရှိသော်လည်း ကဗျာစာဆိုရှင်သည် **' စံပယ်တဲ့လေးရဲ့၊ ပျိုတို့မောင် မပန်ထိုက်တယ်၊ ပန်းပြတ်ခိုက်ကြို '** ဟု ဆိုထားပေရာ ယခုသော်ကား 'ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ' ဆိုသော ဘုရားရှင် လေးဆူ ပွင့်တော်မူသွားခဲ့ကြပြီး သာသနာနှောင်းကာလသို့ ရောက်ရှိနေပြီဟု ဆိုထားပါသည်။ ထိုလေးဆူသော မြတ်စွာဘုရားရှင်တို့၏ ဘုရားတစ်ဆူဆူထံမှ ထူးမြတ်သည့်တရား၊ နိဗ္ဗာန်၏ အရသာများကို တစ်ခါမျှ မခံစားခဲ့ကြရ၊ ကျွတ်တမ်းမဝင်နိုင်ခဲ့ကြရ။ မြတ်စွာဘုရားပွင့်တော်မူသည့် ကာလနှင့်လည်း လွဲချော်ခဲ့ကြရ၏။ ဂေါတမမြတ်စွာဘုရားသာသနာ၏ နောက်ပိုင်းကာလများမှာမှ လူလာဖြစ်ကြရသဖြင့် 'ပျိုတို့မောင် မပန်ထိုက်တယ်၊ ပန်းပြတ်ခိုက်ကြို' ဟု ဆိုထားခြင်း ဖြစ်သည်။ ဗုဒ္ဓဘုရားလေးဆူ ပွင့်တော်မူသွားသော်လည်း သဲသရဲဝဲဂယက်ထဲမှ ရုန်းမထွက်နိုင်ဘဲ ရှိနေကြဆဲပါ။ သို့သော် အားမငယ်ပါနှင့်-'အပွင့်ရယ်ကုန်၊ တစ်ငုံကျန်ပါသေးတယ်၊ ပန်ချင်သူ ပျိုမောင်ကြီးရယ်၊ ခေါင်းဖြီးခဲ့လေး' ဟု ဆိုထားသည်ကြောင့် ဤကမ္ဘာမှာ နောက်ဆုံးပွင့်တော်မူမည့် အရိမေတ္တေယျဗုဒ္ဓတစ်ဆူ ကျန်နေသေး၍ ဖူးတွေ့နိုင်ရန်၊ ကျွတ်တမ်းဝင်နိုင်ရန် အခွင့်အလမ်း ရှိနေပါသေးသည်။ ယခုမှစ၍ ကိုယ်ကျင့်သီလများကို စင်ကြယ်သည်ထက် စင်ကြယ်အောင် ကျင့်ဆောင်ပွားများထားကြရန် သတိပေးထားခြင်းဖြစ်၍ အနက်အဓိပ္ပာယ်နက်ရှိုင်းသော အလင်္ကာမြောက်သည့် ကဗျာကောင်း တစ်ပုဒ် ဖြစ်ပါသည်။

ထိုကဗျာတွင် နောင်ပွင့်မည့်ဘုရားရှင်သည် မည်သို့သော အချိန်အခါတွင် ပွင့်တော်မူမည်နည်းဟု မေးစရာစကား ဖြစ်လာပါသည်။ ထိုကိစ္စကို ဆန်းစစ်ရလျှင် ယခုဘဒ္ဒကမ္ပာဆိုး၍ ဖြစ်တည်လာသည့်အချိန်တွင် လူတို့၏သက်တမ်းသည် အသခ္ချေယျတမ်းပါ။ ထို့နောက် ကာလများစွာကြာမြင့်လာသောအခါ လူတို့သည် ကမ္ဘာစောင့်တရား၊ ကိုယ်ကျင့်သီလများ ချွတ်ချော်တိမ်းပါးကာ တရားစောင့်မှု လျော့နည်းလာကြသဖြင့် လူတို့၏သက်တမ်း အသခ္ချေယျသက်တမ်းမှ တဖြည်းဖြည်း ဆုတ်ယုတ်လာခဲ့သည်မှာ တစ်ဆယ့်၎င်းနှစ်သက်တမ်းထိ ဆင်းသက်လျော့ကျကာ သက်တမ်းများ တို့၍ လာခဲ့သည်။ တစ်ဆယ့်၎င်းနှစ်သက်တမ်း ရောက်လာသည့်အခါ သံဝေဂဝင် သတိဆင်ခြင်ကာ တရားကို စောင့်လာကြပြန်သဖြင့် ရောက်သည့်သက်တမ်းကို ဆပွားတိုးကာ အသေခ်ျယျာသက်တမ်းသို့ တစ်ဖန် ပြန်လည်တက်ရောက်သွားပြန်ပါသည်။ ထိုသို့အားဖြင့် သက်တမ်း အတက်အကျ ခုနစ်ကြိမ်ဖြစ်ပြီး ကျဆင်းသက်တမ်း ရောက်သည့်အခါ 'ကကုသန်' ဘုရားရှင် ပွင့်တော်မူပါသည်။ မြတ်စွာဘုရားရှင်တို့ ပွင့်တော်မူကြစဉ် လူတို့၏ ရောက်ရှိသက်တမ်းကို ဖော်ပြရာတွင် '၄၊၃၊၂၊၁' ဘုရားဖြစ်ဆိုသော စကားအရ 'ကကုသန်' ဘုရားရှင်ပွင့်တော်မူသည့်ကာလ လူတို့ သက်တမ်းသည် အနှစ်လေးသောင်းသက်တမ်းဖြစ်ပါသည်။ ထိုနည်းအတိုင်း အတက်အကျ ရှစ်ကြိမ်မြောက် အကျသက်တမ်းတွင် 'ကောဏာဂုံ' မြတ်ဘုရား ပွင့်တော်မူပါသည်။ ထိုဘုရားရှင် ပွင့်တော်မူစဉ် လူတို့ သက်တမ်းသည် အနှစ်သုံးသောင်းသက်တမ်း ဖြစ်ပါသည်။ ထို့နောက် တစ်ဖန် အတက်အကျ ကိုးကြိမ်မြောက် အကျသက်တမ်းတွင် 'ကဿပ' ဘုရားရှင် ပွင့်တော်မူပါသည်။

ထိုဘုရားရှင်ပွင့်တော်မူစဉ်က လူတို့၏သက်တမ်းသည် အနှစ်နှစ်သောင်းသက်တမ်း ဖြစ်ပါသည်။ ကဿပဘုရားရှင် ပွင့်တော်မူပြီး နောက် အတက်အကျ ဆယ်ကြိမ်မြောက် အကျသက်တမ်း အနှစ်တစ်သောင်းသက်တမ်းတွင် 'ဂေါတမဗုဒ္ဓ' ပွင့်တော်မူရမည်ဖြစ်သော်လည်း ကျင့်ဆောင်ရန် ပါရမီ လိုအပ်နေသောကြောင့် ပါရမီများ ဆက်၍ ဖြည့်ကျင့်နေရသဖြင့် လူတို့၏သက်တမ်း နှစ်တစ်ရာသက်တမ်းမှသာ' ဂေါတမဗုဒ္ဓ' ပွင့်တော်မူရပါသည်။ ထို့နောက် ဂေါတမဘုရားရှင်၏ သာသနာ ကွယ်ပျောက်သွားပြီးနောက် သက်တမ်းအတက်အကျ နောက်တစ်ကြိမ်ဖြစ်ပြီး၊ အသခ္ချေယျတမ်းမှ ပြန်လည်လျှောကျကာ လူတို့၏သက်တမ်း အနှစ်တစ်သိန်းသက်တမ်းသို့ ကျဆင်းရောက်ရှိလာမှ အရိမေတ္တေယျဘုရားရှင် ပွင့်တော်မူမည်ဟု အနာဂန္ဓဝင်ကျမ်းတွင် ပြဆိုထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ယခုအချိန်သည် နောက်မကျသေးပါ။ ကြိုးစားကျင့်ပွားနေမည်ဆိုပါလျှင် ဘုရားပွင့်သည့်အခါနှင့် ကြုံကြိုက်ကာ အကျိုးထူးများစွာ ရရှိစေနိုင်ပါသေးသည်။

စာမျက်နှာ-၁၇ သို့ ➤

ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

တောင်ကြီး အောက်တိုဘာ ၂၅

ရှမ်းပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေးနှင့်အားကစား ကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက တောင်ကြီးမြို့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလှက ပြည်နယ်အတွင်းရှိ ပညာရေး၊ ကျန်းမာရေးနှင့် အားကစား ကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ တင်ပြပြီး ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း၊ ကဏ္ဍအရပ်ရပ် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပြီး ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် အားနည်းချက်များ၊ အားသာချက်များ၊ အခက်ခဲများနှင့် ရှေ့ဆက်ဆောင်ရွက်သွားကြမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)
မြို့နယ်(ပြန်/ဆက်)
o-o-o-o-o-o-o

အယ်လ်နီညိုရောသီဥတုအကြောင်း အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေး



ကန့်ဘလူ အောက်တိုဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အစွန်းရောက်ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ပြည်သူများ ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက ကန့်ဘလူမြို့ မြို့မစျေးနှင့် တပင်ရွေထီးလမ်းတို့တွင် အယ်လ်နီညို အကြောင်း အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကန့်ဘလူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဒေတ္တဥက္ကဋ္ဌ ဦးဆန်းမင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပူးပေါင်းအဖွဲ့များက ဈေးသူ၊ ဈေးသားများ၊ ဈေးရောင်းချသူများ၊ လမ်းသွားလမ်းလာနှင့် ခရီးသွားများအား အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်ပြီး အပူလွန်ကဲခြင်းများ၊ ရေရှားပါးခြင်းများ၊ ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာနိုင်သည့်အတွက် ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ လိုက်နာရမည့် အချက်များအား အသိပညာပေးပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)
အောင်ဝင်းဦမိုး(ကန့်ဘလူ)
o-o-o-o-o-o-o

ပြင်ဦးလွင်ပန်းချီအနုပညာပြခန်း၌ တတိယအကြိမ်မြောက် ပန်းချီဆရာ၊ ဆရာမ ၂၆ ဦး လက်ရာ ART OF HIGHLAND အမည်ဖြင့် ပန်းချီပြပွဲ ဖွင့်လှစ်ပြသ

ပြင်ဦးလွင် အောက်တိုဘာ ၂၅

ပြင်ဦးလွင်မြို့ Maymyo Social Level-၃ ကန်တော်လေးပန်းချီ အနုပညာပြခန်း၌ အောက်တိုဘာ ၂၄ ရက် နံနက် ၁၀နာရီက ပြင်ဦးလွင်မြို့ ပန်းချီဆရာ၊ ဆရာမ ၂၆ ဦး၏ စုပေါင်းလက်ရာပန်းချီကားများအား တတိယအကြိမ်မြောက် Art Of Highland အမည်ဖြင့် ပန်းချီပြပွဲကို ဖွင့်လှစ်ပြသခဲ့သည်။

အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီဆရာ ၁၄ ဦး၊ ပန်းချီဆရာမ ၁၂ ဦး၊ စုစုပေါင်း ဆရာ၊ ဆရာမ ၂၆ ဦး၏ လက်ရာ အခရိုင်းလစ်ကား ၄၂ ကား၊ ရေဆေး ၂၈ ကား၊ ဆီဆေး သုံးကား၊ Gouache ခြောက်ကား၊ Mix Medium သုံးကား၊ စုစုပေါင်း ၁၂၈ ကား အား ချိတ်ဆွဲ ပြသထားရှိပြီး ပြပွဲအား အောက်တိုဘာ ၂၄ ရက်မှ ၃၁ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီ မှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ ပန်းချီချစ်မြတ်နိုးသူများ လာရောက် လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

(အောက်ပုံ)
(ဝဂ္ဂဝ)
o-o-o-o-o-o-o







ဖတ်စရာ၊ မှတ်စရာ စုံလင် ကြေးမုံ

သီတင်းကျွတ်လမြတ်

* တူရာသီ သီတင်းကျွတ်
ဝါလကင်းလွတ် အချိန်ခါ
အသဝနီ နက္ခတ်လင်းလက်လို့
ဝင်းလျက် ထိန်ဖြာ
ရာသီရုပ်က ချိန်ခွင်ပုံပါ
အာကာပြင်မှာ တိမ်တွေပျိုး
တိုင်းရုစ်ခွင် မိုးလေအေးလို့
(ရွာသွန်းကာ ...)
ပလွင်ဆေးမိုး ။

* ဆီမီးရောင်စုံ ထွန်းညှိကြလို့
မြတ်ဗုဒ္ဓ မီးပူဇော်
ဝါကျွတ်ချိန် အလေးအမြတ်ထား
ထင်ရှားသည့် ပွဲတော်
ဘိုးဘွားမိဘ ရှစ်ခိုးကော်ရော်
ဗုဒ္ဓဂုဏ်တော် ပူဇော်ကြ
ရောင်စုံဖြာ ဆီမီးတွေက
ထိန်ညီးဝင်းပ ။

* ရာသီချိန် ပန်းမျိုးစုံပွင့်လို့
ထူးတင့်စွ မွှေးထုံကာ
ကန်ရေပြင် ရွှေကြာပွင့်တို့
လန်းဆန်းဝေဆာ
ငှက်မျိုးစုံတို့ တေးသီကာ
အေးကြည်စွာ သီကျူးကြ ။

* စပါးပင်တွေ လေယူတိမ်းလို့
ယိမ်းနွဲ့လို့ က
လပြည့်ချိန် အခါသမယ
မြတ်ဗုဒ္ဓ ဒေသနာ
အဘိဓမ္မာ မြတ်တရား
ဟောကြားချိန်ခါ
ဗြဟ္မာလူနတ် သတ္တဝါ
ကျွတ်တမ်းဝင်ကာ ရက်မြတ်အထွတ်
မိဘဆရာကျေးဇူးဆပ်သည့်
(မြန်မာတို့ရဲ့ ...)
လမြတ် သီတင်းကျွတ် ။ ။

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)

မဟာရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ထီးတော်အသစ်လဲလှယ်တင်လှူပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ



နမ့်စန် အောက်တိုဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် အမှတ်(၁၀)ကျေးရွာ သုခမ္မာရုံမ ကျောင်းတိုက်တွင် ယကွန်းစင်တောင် ဆရာတော်ကြီး ဘဒ္ဒန္တ သြဘာသ ပန္နက်ချကာ ကိုးဆူမြောက်တည်ထားခဲ့သော မှူလမဟာရွှေဘုန်းပွင့်စေတီတော်မြတ်အား ထီးတော်အသစ်လဲလှယ်တင်လှူပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၂ ရက်နံနက်ပိုင်းက အဆိုပါစေတီတော်မြတ်ရှေ့တွင် ကျင်းပခဲ့သည်။

အခမ်းအနား တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့ပြီး မြို့နယ်သံဃာမဟူတိရ ရန်အောင်မင်္ဂလာကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ တေဇနိယထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြသည်။ ထို့နောက် အခမ်းအနား တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များက သံဃာတော်တို့ထံ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် လူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ **(အပေါ်ဝယ်)**



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီက အောင်ပင်လယ်၊ ကျိုက္ခဲကျောင်းတိုက်တွင် သီတင်းသုံးသော ဆရာတော် ဘဒ္ဒန္တဝိမလနှင့် ဒါယကာ၊ ဒါယိကာမများက (၂၅)ကြိမ်မြောက်အဖြစ် ဆေးပဒေသာပင်ငွေကျပ် ၅၃၀၀၀၀ ကို လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြတ်ကျော်က လက်ခံရယူစဉ်။ (ကဆ)

ဆက်လက်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်နှင့် ဌာပနာများကို သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများက ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လှည့်လည်ပူဇော်ခြင်း၊ စေတီတော်ပေါ်သို့ လက်ဆင့်ကမ်းပင့်ဆောင်၍ တင်လှူပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

o-o-o-o-o

ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေလှူဒါန်း



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ကွယ်လွန်သူ ဦးသိန်းတန်(ရွှေပြည်သာ) (၁၁)နှစ်ပြည့်နှင့် အဂ္ဂမဟာသီရိသုဓမ္မသိဂီ ဒေါ်သန်းသန်းခွဲတို့အား ရည်စူး၍ (သား) မောင်မိုးမြင့်သာ+မမြင့်သဲအိမွန်၊ (သမီး)ကိုသန့်ဇင်ခန့်+မဆုပြည့်သာ၊ (မြေး)မောင်လင်းလွန်းသာ၊ (မြေး)မောင်သာလွန်မိုးဝေ ဟိုတယ်ရွှေပြည်သာမိသားစု ရာသက်ပန် ၃၅ သိန်းအတွက် အတိုးရငွေကျပ် ၂၈၀၀၀၀၊ ထပ်ဆောင်းအလှူငွေကျပ် ၂၂၀၀၀၀၊ စုစုပေါင်း တစ်နေ့တာ ငါးသိန်း လှူဒါန်းရာ ဆွမ်းကွမ်းဥက္ကဋ္ဌ ဦးတင်သန်း၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ သီလရှင်ဆောင်ကြီးကြပ်ရေး အမျိုးသမီးဆပ်ကော်မတီ အဖွဲ့ဝင်ဒေါ်ထားထားဦးနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူပြီး အလှူရှင်များ သာခုခေါ်ဆိုနိုင်ရန်နှင့် လှူဒါန်းနိုင်ရန်အတွက် နိဗ္ဗန်အကျိုးမျှော်၍ နှိုးဆော်ပါ၏။ အလှူရှင်များ မည်သူမဆို မိမိစေတနာအလျောက် လှူဒါန်းလိုပါက ဆက်သွယ်ရန် ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်စုစမ်းမေးမြန်း၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)

သီတင်းကျွတ်လပြည့်ညတွင် ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



မြစ်သား အောက်တိုဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ဘုရားဝေါပကဥက္ကဋ္ဌအဖွဲ့များက မြို့နယ်အတွင်းရှိ အထင်ကရ တန်ခိုးကြီးဘုရားများ၌ သီတင်းကျွတ် လပြည့်နေ့ညတွင် ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။

မြစ်သားမြို့နယ်၊ ရှမ်းပွဲရပ်ကွက်ရှိ ရွှေမုဋ္ဌောစေတီတော်၊ ရေကွမ်းတောင်စေတီတော်၊ မြို့မရှေ့ရပ်ကွက်ရှိ ရွှေစောလူး၊ ရွှေစောယွန်းစေတီတော်၊ မင်္ဂလာအုဋ္ဌ ကျောင်းစေတီတော်၊ မင်းကုန်းရပ်ကွက်၊ မင်းကုန်းဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ ဓိနထွဋ်တင်ပုည်ရှင်စေတီတော်တို့၌ သီတင်းကျွတ်လပြည့်နေ့ညတွင် ဆီမီးတစ်ထောင်ထွန်းညှိပူဇော်သွားမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲများဖြစ်သည့် ရှမ်းအိုးစည်အက၊ ဆင်အက၊ မြင်းအက၊ သိုးတလျားအကအလှ ကပြခြင်း၊ တီးဝိုင်းများဖြင့် ဖျော်ဖြေဧည့်ခံသွားမည်ဖြစ်ကြောင်းနှင့် ဆီမီးထွန်းညှိပူဇော်သူများနှင့် ဘုရားလာရောက်ဖူးမြော်ကြသူများအား မုန့်ဟင်းခါး၊ ကြာဆံဟင်းခါး စသည့် စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝယ်)

ဝါဝါမြင့်(မြစ်သား)



မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မလွန်ဈေး ဆန်လှူအသင်းကြီးသို့ အောက်တိုဘာ ၂၄ ရက်က PAI BROTHERS INTERNATIONAL TRADING CO.LTD မိသားစုက သက်တော်ရှည်ဆရာတော်ကြီး ၂၆၆ ပါးအတွက် VITA STRONG အားဆေးဘူး ၅၃၂ ဘူး၊ ROYAL BCOM အား ဆေးဘူး ၅၃၂ ဘူးကို လာရောက်လှူဒါန်းရာ အသင်းကြီးအတွင်းရေးမှူး ဦးကြည်ဝင်းက လက်ခံရယူစဉ်။ (ဝဂ္ဂ)

သပိတ်ကျင်းခရိုင်အတွင်း၌ သီတင်းကျွတ်အခါသမယတွင် ဆီမီးထွန်းညှိပူဇော်ပွဲများ၊ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲများနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ကျင်းပသွားမည်

သပိတ်ကျင်း အောက်တိုဘာ ၂၅

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်အတွင်း၌ သီတင်းကျွတ်အခါသမယတွင် ဆီမီးထွန်းညှိပူဇော်ပွဲများ၊ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲများနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ကျင်းပသွားမည်ဖြစ်သည်။

သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်အနေဖြင့် မြို့ပေါ်ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စေတီတော်ရင်ပြင်များတွင် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်း၊ အဘိဓမ္မာတရား ရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော်များကို ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများ ပြုလုပ်၍လည်းကောင်း၊ စဉ့်ကူးမြို့နယ်အနေဖြင့် သပိတ်ဝင်ရွေမုဋ္ဌောဘုရား၌ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ဝတ်ရွတ်အသင်း ၂၂ သင်းတို့မှ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲကျင်းပပြီး ဆုချီးမြှင့်ပွဲများ ပြုလုပ်၍လည်းကောင်း၊ မိုးကုတ်မြို့နယ်အနေဖြင့် ချမ်းသာကြီးဘုရား ဓမ္မဗိမာန်တော်ပေါ်တွင် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ဓမ္မစကြာဝတ်ရွတ်ပူဇော်ခြင်းနှင့် သီတင်းကျွတ်ကာလ စည်ကားသိုက်မြိုက်စေရေးအတွက် ရွှေမန်းသားချားရဟတ်နှင့်ပူးပေါင်း၍ မိုးကုတ်မြို့(အနောက်ပိုင်း)၊ ကျပ်ပြင်ကျေးရွာတွင် အောက်တိုဘာ ၂၄ ရက်မှ ၃၁ ရက်အထိ (၁၂)ပွဲဈေးသည်များနှင့် ဈေးရောင်းပွဲတော်ကို ကျင်းပသွားမည်ဖြစ်ကြောင်း သပိတ်ကျင်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ သိရသည်။

သီတင်းကျွတ်အခါသမယတွင် ဆီမီးထွန်းညှိပူဇော်ပွဲများ၊ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲများနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်အသီးသီးမှ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၏လမ်းညွှန်မှုဖြင့် ဘုရားဝေါပကအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးမမ(ပြန်/ဆက်)

မျက်စိလှူကြ မျက်ကြည်ရ၊ မြတ်သည်လှူဒါန်း။

< ပန်းမြတ်တစ်ငုံ ဖူးခွင့်ကြုံဖို့ ဆောင်းပါး စာမျက်နှာ(၁၄)မှ အဆက်-

ထို့ကြောင့် အထူးပြောလိုသည်မှာ ဤကျွန်းသည် ဓမ္မဒီပါဟုခေါ်သော လက်ျာတောင်ကျွန်း ဖြစ်ပါသည်။ အတိတ်ကောင်း၊ နိမိတ်ကောင်းဆောင်ကာ အရာရာပြီးပြည့်စုံနိုင်သော ကျွန်းလည်း ဖြစ်သည်။ ထူးကဲသော ကျွန်းမဟာဟု ဆိုနိုင်ပါသည်။ 'ဓမ္မဒီပါကျွန်းမြတ်လက်ျာ၊ အရှေ့ကျွန်း ခုနစ်ရာ၊ မြောက်ကျွန်း တစ်ထောင်ပါ၊ အနောက်ဘက်က ငါးရာပြတာ၊ ဒီပါဒက္ခိဏာ မြတ်ဘဂဝါတွေပွင့်ကြတာက အနတ္တနှင့်ထိုက်တဲ့ ဤဓမ္မဒီပါ'ဟုဆိုသည့် အတိုင်းမြတ်ဗုဒ္ဓတို့ ပွင့်တော်မူရာကျွန်းမို့ လောကီအရာအားလုံးကို မဆိုထားနှင့် အေးချမ်းရာအမှန် မြတ်နိဗ္ဗာန်အထိ လောကုတ္တရာအကျိုးများစွာ အောင်မြင်နိုင်သောကျွန်းပင် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာအရဆိုရပါမူ မဟာမြင်းမိုရ်တောင်ကြီး၏ အရှေ့ဘက်အရပ်မျက်နှာတွင်တည်ရှိသော ပုဗ္ဗဝိဒဟ(ခေါ်)အရှေ့ကျွန်း၊ လဝန်းပုံသဏ္ဌာန်ရှိ၍ ယူဇနာ ခုနစ်ထောင်ကျယ်ဝန်းသည်။ လူတို့သက်တမ်းမှာ နှစ်ပေါင်း ခုနစ်ရာ ရှိသည်။ မြင်းမိုရ်တောင်၏ မြောက်ဘက်အရပ်မျက်နှာတွင် 'ဥတ္တရကုရု' ခေါ် မြောက်ကျွန်း၊ လေးထောင့်ပုံသဏ္ဌာန်ရှိ၍ ယူဇနာ ရှစ်ထောင် ကျယ်ဝန်းသည်။ လူတို့၏သက်တမ်းမှာ နှစ်ပေါင်းတစ်ထောင် ရှိသည်။ မြင်းမိုရ်တောင်၏ အနောက်ဘက်အရပ်မျက်နှာတွင် 'အပရဂေါယာန' (ခေါ်) အနောက်ကျွန်း၊ လဝန်းပုံသဏ္ဌာန်ရှိ၍ ယူဇနာ ခုနစ်ထောင် ကျယ်ဝန်းသည်။ လူတို့၏သက်တမ်းမှာ နှစ်ပေါင်း ငါးရာ ရှိသည်။ မြင်းမိုရ်တောင်၏ တောင်ဘက်အရပ်မျက်နှာတွင် ဓမ္မဒီပါ(ခေါ်) လက်ျာတောင်ကျွန်း၊ သုံးထောင့်ပုံသဏ္ဌာန်ရှိ၍ ယူဇနာ တစ်သောင်း ကျယ်ဝန်းသည်။ 'အနုတ္တ'နှင့်ထိုက်သည့်ရုပ်ဒိသာမို့ လူတို့၏သက်တမ်းမှာ အသခ္ခေယျတမ်းမှ အောက်ဆုံး တစ်ဆယ့် ငါးနှစ်တမ်းအထိ အတိုး၊ အဆုတ်၊ အတက်၊ အကျ ရှိသော ကျွန်းဖြစ်သည်။ ဆိုလိုချင်သည်မှာ ယခု ကျွန်တော်တို့ နေထိုင်ရာ ဓမ္မဒီပါ လက်ျာတောင်ကျွန်းသည် ကျွန်းကြီးလေးကျွန်းတွင် အမြတ်ဆုံးကျွန်းဟု ဆိုကြသည်။ လောကတစ်ခွင် အမြတ်ဆုံး ဘုရားရှင် တို့နှင့် ပစ္စေကဗုဒ္ဓါအဆူဆူ၊ ရဟန္တာများ ပွင့်ထွန်းပေါ်ပေါက်တော်မူရာ အရပ်ဒေသဖြစ်ခြင်း၊ မဟာဗောဓိပင်နှင့် အပရာဇိတ ပလ္လင်ပေါက်သော အရပ်ဒေသဖြစ်ခြင်း၊ စကြဝဠာ မန္တာတ်မင်းတို့ ပေါ်ထွက်ရာ အရပ်ဒေသဖြစ်ခြင်း၊ အေးငြိမ်းချမ်းသာရာ နိဗ္ဗာန်ခေါ်ကြ ပြည်ခေမသို့ သွားရောက်နိုင်သော တစ်ခုတည်းသောကျွန်းဖြစ်ခြင်း၊ အကျယ်အဝန်းမှာ ယူဇနာ တစ်သောင်းရှိသဖြင့် ကျွန်းတကာတို့ထက် ကျယ်ဝန်းသော ကျွန်းဖြစ်ခြင်း စသည့် ကျွန်းမြတ်မဟာ ဂုဏ်အင်္ဂါနှင့် အသရေတော်ငါးပါး ပြည့်စုံသောကျွန်းဖြစ်ခြင်းကြောင့် မိမိတို့၏ စိတ်လိုရာကိစ္စ ကြံစီသမျှ ပြီးမြောက်ပြည့်စုံ အောင်မြင်နိုင်ပေသည်။

ထို့ကြောင့်ဆိုရပါမူ နောက်ပွင့်မည့်ဗုဒ္ဓ အရိမေတ္တေယျ ဘုရားအား ဖူးမြော်တွေ့ဆုံခွင့် ကြုံကြရစေရန် ကဗျာစာဆိုရှင် ညွှန်းဆိုပြသည့်အတိုင်း မိမိကိုယ်ကိုယ် ကိလေသာအညစ်အကြေးများ ကင်းစင်အောင် ကြိုးတင်ပြင်ဆင်၍ ကျင့်ဆောင်ထားရမည်ဖြစ်ပါသည်။ မိမိပြုလုပ်ရန်သင့်သည့် ကုသိုလ်တရားများကို ပြုလုပ်ထားကြရန် ယခုအချိန်သည် အကောင်းဆုံးအချိန်ဖြစ်သည်။ နေ့များ၊ လစား၊ အချိန်ခြားမှ ပြုလုပ်မည်ဆိုပါလျှင် အောင်မြင်ရန် အခွင့်အလမ်း လျော့နည်းသွားမည်ဖြစ်သည်။ 'ဗုဒ္ဓါပွါဒ ဒုလ္လဘ' ဆိုသည့်အတိုင်း မြတ်ဗုဒ္ဓဘုရားတစ်ဆူပွင့်တော်မူရန် လွန်စွာမခဲယဉ်းလှပေသည်။ မြတ်ဗုဒ္ဓဘုရားတစ်ဆူပွင့်တော်မူမှ သိရှိကျင့်ဆောင်ခွင့်ရသည့်တရား၊ ကျွတ်တမ်းဝင်ရမည့်သူများကြောင့် သီလ၊ သမာဓိ၊ ပညာကို ဦးစားပေးကာ ကျင့်ဆောင်ထားကြရန် လိုအပ်ပါသည်။ မြတ်စွာဘုရားတစ်ဆူ ပွင့်တော်မူရန်အတွက် ခက်ခဲသည့် အကြောင်းများကို ပညာဓိက ဘုရားဖြစ်သည့် ဂေါတမဗုဒ္ဓအား စံပြထား၍ ဘုရားတစ်ဆူ၏ ပါရမီဖြည့်ကျင့်ရပုံများကို ညွှန်းဆိုလိုပါသည်။ ဂေါတမဗုဒ္ဓ ပါရမီဖြည့်ကျင့်ရမှုများကို ရှေးပညာရှင်များက 'အစိန္တိတံ သတ္တာသခ္ခေယျံ'ဟု ဆိုထားပါသည်။ ဂေါတမဗုဒ္ဓလောင်းလျာသည် စိတ်အကြံဖြင့် ဘုရားဆုကို တောင်းခဲ့သည့် ကမ္ဘာပေါင်းမှာ ခုနစ်အသခ္ခေ့ကြာမြင့်ခဲ့ပါသည်။ ထိုစိတ်အကြံဖြင့်တောင်းခဲ့သော ခုနစ်အသခ္ခေ့တို့မှာ ၁။ နန္ဒအသခ္ခေ့၊ ၂။ သုနန္ဒအသခ္ခေ့၊ ၃။ ပဒုမုတ္တရအသခ္ခေ့၊ ၄။ သာဂရအသခ္ခေ့၊ ၅။ ပုဏ္ဏရိုဏအသခ္ခေ့တို့ဖြစ်သည်။ ထိုသို့ ခုနစ်အသခ္ခေ့တိုင်အောင် မဆုတ်မနစ်သော သဒ္ဓါစိတ်စေတနာဖြင့် ဘုရားဖြစ်ရန် ဆုကို ပန်ဆင်ခဲ့ရသည်။ သို့သော်လည်း ဘုရားအဖြစ်ကို မရရှိနိုင်သေးပါ။ စိတ်ဖြင့်ကြံစီဆုပန်ခြင်းသာ ဖြစ်ပါသည်။ ထိုသို့ ဆုမြတ်ပန်ဆင်ရာ အသခ္ခေ့ကမ္ဘာကိုမဆိုထားနှင့် တစ်ကမ္ဘာ၏ အချိန်အတိုင်းအတာသည်ပင် ရေတွက်မရနိုင်အောင် နှစ်ကာလရှည်ကြာသဖြင့် ကမ္ဘာကပ်တို့ဖြင့်သာ ခန့်မှန်းတွက်ချက်ရပေသည်။

ထို့နောက် 'နဝအသခ္ခေ့ယျ ဝါစကံ'ဟု ဆိုထားပြန်ပေရာ ဂေါတမဗုဒ္ဓလောင်းလျာသည် နှုတ်တော်မှဖွင့်ဟ၍ ဘုရားဆုကို ပန်ခဲ့သည်မှာ ကမ္ဘာပေါင်း ကိုးအသခ္ခေ့ ကြာမြင့်ခဲ့သည်ဟု ဆိုပါသည်။ ထိုနှုတ်တော်မှ ဖွင့်ဟကာ ဘုရားဆုကို ပန်ဆင်ခဲ့သည့် ကိုးအသခ္ခေ့တို့မှာ ၁။ သဇ္ဇဘဒ္ဒအသခ္ခေ့၊ ၂။ သဇ္ဇဖုလ္လအသခ္ခေ့၊ ၃။ သဇ္ဇရတနအသခ္ခေ့၊ ၄။ ဥသဘန္ဓအသခ္ခေ့၊ ၅။ မာနိတအသခ္ခေ့၊ ၆။ ပဒုမအသခ္ခေ့၊ ၇။ ဥသဘအသခ္ခေ့၊ ၈။ ခက္ခန္ဓုတ္တမအသခ္ခေ့။ ၉။ သဇ္ဇဘလ္လအသခ္ခေ့တို့ ဖြစ်ကြသည်။ ထိုသို့ နှုတ်ဝစီကိုဖွင့်ဟလျက် ဘုရားဆုကို တောင်းခဲ့သော ကိုးအသခ္ခေ့သောကာလတို့တွင်လည်း ဘုရားဖြစ်လိုသော စိတ်ဆန္ဒတစ်ခုတည်းဖြင့် ပင်ပန်းဆင်းရဲစွာ ပါရမီဖြည့်ကျင့်ကာ ဘုရားဆုကို နှုတ်တော်မှ ဖွင့်ဟဆုပန်ခဲ့ရသည်။ ထိုသို့ ပါရမီတော်များကို ကြိုးစားဖြည့်ဆည်းပါသော်လည်း ပါရမီနှနယ်နေသေး၍ ဘုရားအဖြစ်ကို မရရှိနိုင်သေးပေ။

ထို့နောက် တစ်ခုသောကမ္ဘာမှ နောက်ဆုံးပွင့်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရားထံတော်ပါးမှာ သုမေဓာရသေ့ဘဝဖြင့် ဗုဒ္ဓဒိတ် ခံယူပြီးနောက် လုံလ၊ ဝီရိယကို ရှေ့တန်းတင်ကာ လေးအသခ္ခေ့သော ကမ္ဘာလုံးလုံး၊ ဆင်းရဲပင်ပန်းစွာ အားသွန်ခွန်စိုက် ပါရမီတော်များကို စိတ်ရောကိုယ်ပါ ထူးကဲစွာ ဖြည့်ကျင့်ခဲ့ရပေသည်။ ထိုကမ္ဘာပေါင်း လေးအသခ္ခေ့သည် ၁။ သေလအသခ္ခေ့၊ ၂။ ဘာသအသခ္ခေ့၊ ၃။ ဇယုအသခ္ခေ့၊ ၄။ ရုစိရအသခ္ခေ့တို့ဖြစ်သည်။ ထို့ပြင် နောက်ဆုံ ကမ္ဘာတစ်သိန်းထပ်ပိုး၍ ပါရမီဖြည့်မှ ဘုရားအဖြစ် ရရှိတော်မူပါသည်။ ဘုရားတစ်ဆူ ပွင့်ထွန်းပေါ်ရန် လွယ်ကူသည်တော့မဟုတ်ပေ။ ထို့သို့ ခဲယဉ်းစွာ ပွင့်ပေါ်ရသည့် ဗုဒ္ဓတစ်ဆူအား ဖူးတွေ့ခွင့်ကြုံရန်သည်လည်း ခက်ခဲလှပေသည်။ သမာဓိ၊ ပညာကို ဦးစားပေးကာ ကျင့်ဆောင်ထားကြရန် လိုအပ်ပါသည်။ ထို့ကြောင့် ယခုဘဒ္ဒကမ္ဘာတွင် ဗုဒ္ဓသယမ္ဘုမြတ်ဘုရားငါးဆူတွင် တစ်ဆူဆူသောဗုဒ္ဓဘုရား၏ မိန့်ကြားဟောပြသော တရားဓမ္မကို လေးစားလိုက်နာကျင့်ဆောင်ကာဖြင့် အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို ကျွတ်တမ်းဝင်နိုင်ရန် လွန်စွာမှပင် အရေးကြီးလှပေသည်။

အချုပ်ဆိုရပါမူ ကျွန်းကြီးလေးကျွန်းတွင် တောင်းဆုအထွေထွေ ရရှိစေနိုင်သည့် အတိတ်ဆောင်၊ နိမိတ်ဆောင် အောင်စေနိုင်သည့် ဤဓမ္မဒီပါကျွန်းလက်ျာသည် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ ပွင့်ထွန်းရာ ကျွန်းဖြစ်သည့်အပြင် ယခုအခါ ဤဘဒ္ဒကမ္ဘာတွင် ဗုဒ္ဓငါးဆူပွင့်တော်မူပါလျက် တစ်ဆူသောဘဂဝါ၏ မြတ်တရားကို အလေးထားကျင့်ပွားကြစေလိုပါသည်။ ဤသို့သော ကမ္ဘာမျိုးတွင် မြတ်စွာဗုဒ္ဓအား ဖူးတွေ့ရ၍ အေးငြိမ်းရာလမ်း နိဗ္ဗာန်နန်းကို တက်လှမ်းနိုင်ရန် မိမိတို့ဘဝခန္ဓာ ရရှိလာသည့်အခိုက်အတန့်မှာ နေ့စဉ်ဖုံဖုံ မြတ်သရဏဂုံတို့ မွန်းထုံနေကြရန်၊ ငါးပါးသီလ မြတ်မဓ္မကို ထာဝရကျင့်ဆောင်နေကြရန်၊ အခါအားလျော်စွာ ဘာဝနာနှင့် ရှုစိပါး၊ ကိုးပါး ဥပသံသီလများကို စောင့်ထိန်းကျင့်ပွားနေကြရန်၊ ပေးကမ်းလှူဒါန်း ဒါနပန်းများလည်း အမြဲစိမ်းလန်း တင့်ဆန်းနေကြရန်၊ မိခင်၊ ဖခင်ကျေးဇူးရှင်ကို စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရန် လိုရာပြုပေးစောင့်ရှောက်ကျွေး၍ ပိုက်ထွေးမပြတ် ကျေးဇူးဆပ်ရန်၊ မိမိရင်ဖွား သားသမီးအပြင် အခြားတစ်ပါး ရင်သွေးများကို မြတ်ဘုရားဘဂဝါ သာသနာအတွင်း သွတ်သွင်းကြရန်၊ စေတီ၊ တန်ဆောင်း၊ ဇရပ်၊ ကျောင်းတို့ ဆောက်လုပ်လှူဒါန်းကြရန်၊ ရေတွင်း၊ ရေကန်၊ ကျောင်းအရာမ်ကိုလည်း တည်ထားလှူဒါန်းရန်၊ နေ့စဉ်နေ့တိုင်း ဝိဏ္ဏပါတ်ဆွမ်းလောင်းလှူကြရန်၊ ဗောဓိပင်များ စိုက်ထားပူဇော်ကြရန်၊ နေ့စဉ်မှန်စွာ မေတ္တာဘာဝနာ ကျင့်ပွားကြရန် စသည့် အကျင့်တရားများ ကျင့်ပွားနေကြမည်ဆိုပါလျှင် နောင်တွင်ပွင့်မည့် အရိမေတ္တေယျဘုရားအား ဖူးတွေ့ရကာ ကျွတ်တမ်းဝင်ကြရမည် ဖြစ်ပါသည်။ ထို့ကြောင့် သီတင်းကျွတ်လမြတ်ခါ စေတနာဖြာ၍ နောင်လာပွင့်ပေါ် စိန္တေတော်ကို ဖူးမြော်နိုင်ကြစေကြောင်း၊ မေတ္တာလောင်းကာ အပေါင်းမိတ်သဟာ သိစိမ့်ငှာလျှင်၊ ကျင့်ဆောင်ရမည့်တရားများကို 'ပန်းမြတ်တစ်ငုံ ဖူးခွင့်ကြုံဖို့'ဆိုသည့် ဆောင်းပါးဖြင့် ရေးသားဝေမျှလိုက်ရပါသည်။

မန်းမြေမှ ပန်းသပြေ

သီတင်းကျွတ်အခါသမယ ဒေသထွက်ဆီမီးခွက်များနှင့် မီးပုံးများ အရောင်းသွက်



ဓာတ်တွင်းကြီး အောက်တိုဘာ ၂၅

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၌ သီတင်းကျွတ်အခါသမယတွင် ဆီမီးထွန်းညှိပူဇော်ရန်အတွက် ဒေသထွက် ဆီမီးခွက်များနှင့် မီးပုံးများ အရောင်းသွက်လျက်ရှိသည်။

သီတင်းကျွတ်အခါသမယတွင် ဘုရားရှင်အား ဆီမီးထွန်းညှိပူဇော်ရန်အတွက် ဆီမီးခွက်များကို တောင်တွင်းကြီးမြို့ မြို့မဈေးကြီးတွင် ရောင်းချလျက်ရှိပြီး ဆီမီးခွက်များကို တောင်တွင်းကြီးမြို့ မိရိုးဖလာ အိုးလုပ်ငန်းလုပ်ကိုင်ကြသည့် ကုက္ကိုန္တကျေးရွာ၊ ဂျုတ်ကုန်းကျေးရွာနှင့် ရခိုင်စုကျေးရွာများမှ လုပ်ကိုင်ကြောင်း၊ အဆိုပါ အိုးလုပ်ငန်းလုပ်ကိုင်ကြသူများမှတစ်ဆင့် မြို့မဈေးကြီးအတွင်း အိုးရောင်းချသူများက ဖောက်သည်ဝယ်ယူ၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်းဖြစ်ကြောင်း၊ မီးပုံးများကို မြန်မာ့ရိုးရာလက်မှုလုပ်ငန်း လုပ်ကိုင်သူများမှ လာရောက်ရောင်းချခြင်းဖြစ်ကြောင်း၊ ရောင်းချရာတွင် ဆီမီးခွက် ၁၀ ခွက်လျှင် ငွေကျပ် ၁၀၀၀၊ မီးစာအပင် နှစ်ဆယ်ပါ တစ်စည်းလျှင် ငွေကျပ် ၁၀၀၀ နှင့် သီတင်းကျွတ်မီးပုံး တစ်ခုလျှင် အနိမ့်ဆုံးငွေကျပ် ၁၅၀၀ မှ မီးပုံးအရွယ်အစားနှင့် ဒီဇိုင်းအလိုက် ဈေးအမျိုးမျိုးဖြင့် ရောင်းချနေရသဖြင့် အရောင်းသွက်လျက်ရှိကြောင်း အိုးရောင်းချသူတစ်ဦးထံမှ သိရသည်။

သီတင်းကျွတ်လပြည့်(အာသီဝယုဇအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့ထူးနေ့မြတ် နေ့တစ်နေ့ဖြစ်ပြီး ထိုနေ့တွင် သီတင်းကျွတ် မီးထွန်းပွဲတော်ကျင်းပခြင်း၊ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများကို ပူဇော်ကန်တော့ခြင်းနှင့် ပွဲလမ်းသဘင်များ ဆင်ယင်ကျင်းပကြောင်း သိရသည်။ **(ယာဝုံ)**

ဦးမျိုး(ဗိသန်းမြေ)

ချည်မျှင်ရှည်ဝါစိုက်ပျိုးသည့် တောင်သူများအား ချေးငွေထုတ်ချေး

မြို့သစ် အောက်တိုဘာ ၂၅

ဝါသီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝါသီးနှံစိုက်ပျိုး ထုတ်လုပ်မှုသည် အရည်အသွေးကောင်းမွန်သည့် ချည်ထည်များ ရရှိစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ခုနှစ် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ချည်မျှင်ရှည်ဝါစိုက်ပျိုးသော တောင်သူများအား ချေးငွေထုတ်ချေးခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။



ရွေးဦးစွာ မြို့သစ်မြို့နယ်တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးစိုးမင်းထွန်းက အမှာစကားပြောကြားကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟနေသွေးက တောင်သူများအား ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးအတွက် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းမွန်သည့် ဝါသီးနှံများကို ရွေးချယ်၍ စနစ်တကျ စိုက်ပျိုးကြရန် ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဌာနမှူး ဦးဉာဏ်မြင့်ဦးက နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဝါသီးနှံစိုက်ပျိုးသည့် တောင်သူများအား ချေးငွေထုတ်ချေးပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်အတွင်း ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မည့်ကျေးရွာအုပ်စု ၁၀ အုပ်စု၊ တောင်သူ ၄၀၄ ဦး၊ ဝါသီးနှံ ဧက ၁၃၅၇ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်းပေါင်း(၄၀၇,၁၀၀,၀၀၀/-) တိတိကို ပထမအကြိမ်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) ဝင်းအိန္ဒနံ(ပြန်/ဆက်)



ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲမျိုးစုံ ဧက ၂၁၆၀၀ ကျော် လျာထားစိုက်ပျိုး

ကျွန်းလှ အောက်တိုဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံဧက ၂၁၆၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပဲမျိုးစုံ လျာထားစိုက်ပျိုးမှုအနေဖြင့် မတ်ပဲ ၁၄၀၀၆ ဧက၊ ထောပတ်ပဲ ၂၁ ဧက၊ ကုလားပဲ ၂၄၅ ဧက၊ စားတော်ပဲ ၇၃၄၂ ဧက၊ ဓွန်တာပြာ ၂၁၃၆ ဧက စုစုပေါင်း ၂၁၆၁၅ ဧကဖြစ်သည်။

'ကျွန်းလှမြို့နယ်မှာ ပဲမျိုးစုံကို ဆောင်းရာသီမှာ အဓိကစိုက်ပျိုးကြပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံစိုက်ပျိုးဖို့ ၂၁၆၁၅ ဧက လျာထားတဲ့အနက် ၂၈၀၄ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ အရင်နှစ်က ၂၁၈၅၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တောင်သူတွေ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးကြပါတယ်' ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးကပြောသည်။

အဆိုပါ ပဲမျိုးစုံစိုက်ပျိုးသည့် တောင်သူများအား မျိုးကောင်း မျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို အချိုးကျ အချိန်ကိုက် စနစ်တကျ သုံးစွဲနိုင်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)
(၄၈၀)

မျိုးကောင်းမျိုးသန့်(ကြက်သွန်နီ) မျိုးစေ့ပေးအပ်ပွဲနှင့် အယ်လ်နီညိုဒဏ်ကာကွယ်ဖို့ ကြိုတင်စီမံဆောင်ရွက်စို့ နည်းပညာပေးသင်တန်းဖွင့်လှစ်

ဟားခါး အောက်တိုဘာ ၂၅

ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သည့် ဆောင်းသီးနှံအထွက်ကောင်းသည့် မျိုးကောင်းမျိုးသန့်(ကြက်သွန်နီ) မျိုးစေ့ပေးအပ်ပွဲနှင့် အယ်လ်နီညိုဒဏ်ကာကွယ်ဖို့ ကြိုတင်စီမံဆောင်ရွက်စို့ နည်းပညာပေးသင်တန်းကို အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီခွဲက ဟားခါးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ရွေးဦးစွာ ဟားခါးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းဦးက အဖွင့်အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟုန်းကီးက ဆောင်းသီးနှံ အထွက်ကောင်းသည့် မျိုးကောင်းမျိုးသန့်(ကြက်သွန်နီ) မျိုးစေ့များပေးအပ်ရသည့် ရည်ရွယ်ချက်များကို ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်နွယ်နွယ်ခိုင်က အထွက်ကောင်းသည့် မျိုးကောင်းမျိုးသန့်(ကြက်သွန်နီ) မျိုးစေ့များ ၏ အရည်အသွေးလက္ခဏာများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဟားခါးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ကြက်သွန်နီ မျိုးစေ့များကို လည်းကောင်း၊ ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲဝင်းအောင်နှင့် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကွန်ပေါင်း မြေဩဇာများကို လည်းကောင်း တောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့နောက် အယ်လ်နီညိုဒဏ်ကာကွယ်ဖို့ ကြိုတင်စီမံဆောင်ရွက်စို့ နည်းပညာပေးသင်တန်းကို ဖွင့်လှစ်ပြီး အယ်လ်နီညိုဒဏ်ကာကွယ်ရေးနှင့် ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံမှုအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ရမည့်အချက်များနှင့် တောင်သူများမှ လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)
kwo(ဟားခါး)

ဒက္ခိဏာသီရိမြို့နယ်၌ အယ်လ်နီညိုရာသီဥတုကြောင့် ရေရှားပါးပြတ်လတ်နိုင်မှုဆိုင်ရာ အသိပညာပေးဟောပြော

ဒက္ခိဏာသီရိ အောက်တိုဘာ ၂၅

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကြုံတွေ့နိုင်သည့် သောက်သုံးရေ ရှားပါးပြတ်လတ်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက သက်ဆိုင်ရာကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဒက္ခိဏာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကြုံတွေ့နိုင်သည့် သောက်သုံးရေ ရှားပါးပြတ်လတ်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက သက်ဆိုင်ရာကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဒက္ခိဏာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့ဝါနှင့် မြို့နယ်ဘာဝန်ခံများက ကြာပင်ကျေးရွာအုပ်စု ထန်းတပင်ကျေးရွာ၊ ချိုင်းကျေးရွာအုပ်စု ချိုင်းကျေးရွာနှင့် ရန်အောင်မြင်ကျေးရွာအုပ်စု ဇီးဖြူကုန်းကျေးရွာတို့သို့ သွားရောက်၍ ဒေသခံကျေးရွာသူ၊ ကျေးရွာသား ၁၂၅ ဦးအား အယ်လ်နီညိုရာသီဥတု၏ သက်ရောက်မှုများ၊ ရေရာသီကာလအတွင်း ရေရှားပါး ပြတ်လတ်နိုင်မှု အခြေအနေများနှင့် သောက်သုံးရေ ရေရှည်သုံးစွဲနိုင်ရေး စနစ်တကျခြုံငုံခြေ့ဝေတာရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို အကျယ်တဝင့် ဟောပြောခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေရာသီကာလအတွင်း ကျေးလက်နေပြည်သူများအား သောက်သုံးရေ လုံလောက်စွာ ရရှိသုံးစွဲနိုင်ရေးနှင့် ရေရှားပါးမှုပြဿနာများကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ) အောင်ပိုင်ဟိန်း



အွန်လိုင်းဆက်သွယ်ရေးဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက် ပြည့်စုံမှန်ကန်စေရေး ကွင်းဆင်းစစ်ဆေး

ပခုက္ကူ အောက်တိုဘာ ၂၅

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ပေါ်ရပ်ကွက်များ၌ ဖွင့်လှစ်ရောင်းချလျက်ရှိသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များအား အွန်လိုင်းဆက်သွယ်ရေးဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက် ပြည့်စုံမှန်ကန်စေရေးအတွက် ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်စိုးနှင့် ဝန်ထမ်းများ၊ ခရိုင်အစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပခုက္ကူ)မှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်း၍ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များအား အွန်လိုင်း မှတ်ပုံတင်လိုင်စင်ဆောင်ရွက်ထားမှု ရှိ၊ မရှိ၊ အွန်လိုင်းဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းပုံစံများ၊ အွန်လိုင်းစနစ်ဖြင့်ရောင်းချထားမှု ရှိ၊ မရှိနှင့် သက်တမ်းလွန်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချထားမှု ရှိ၊ မရှိတို့ကို မြေပြင်ကွင်းဆင်းစစ်ဆေး အတည်ပြုခြင်း၊ လုပ်ငန်းရှင်များနှင့် အရောင်းဝန်ထမ်းများအား အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

(၃၄၀)

--*-*-*
--*

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နှန်း-၁၉)၊ ဦးပိုင်အမှတ်(၂)၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုးမြင့်(၉/မနှတ(နိုင်)၀၅၆၆၂၇)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၁၀၉/၂၀၂၆-၂၀၂၇)ဖြင့် တောမှဖြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နှန်း-၁၉)၊ ဦးပိုင်အမှတ်(၂)၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုးမြင့်(၉/မနှတ(နိုင်)၀၅၆၆၂၇)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၁၀၉/၂၀၂၆-၂၀၂၇)ဖြင့် တောမှဖြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၂၆)၊ ဦးပိုင်အမှတ်(၃-ဃ+၃-စ)၊ ၇၄လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးစိန်ဝင်းထံမှ အပေးစာချုပ်အမှတ်(၂၀၃၅/၂၀၂၆)ဖြင့် လက်ခံခဲ့သူ ဒေါ်စန္ဒာဝင်း(၉/မနန(နိုင်)၀၅၀၅၀၆)က အမှုတွဲအမှတ်(၀၂၁၄/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ဘိုးဘပိုင်မြေကြော်ငြာစာ

ကန့်ကွက်လိုပါက နိုင်ငံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ	လျှောက်ထားသည့်မြေ					အမှုတွဲအမှတ်
	အမည်/မှတ်ပုံတင်	လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	
၁။	ဦးရာဇမုစ် (၁/မကန(နိုင်)၂၂၃၀၅၅)	၇လမ်း၊ ၈လမ်းနှင့် ၉လမ်းကြား၊ အမရပူဒိုအရှေ့	ဒေါ်စန္ဒာဝင်း	အောင်မြေသာစံ	၃၃	၃၀	၀၂၀၉/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇
၂။	ဒေါ်နုနထွေး (၉/မန(နိုင်)၁၁၃၁၁၅)	၈၆လမ်း၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ပြည်ကြီးရုန်းလုံ	ဦးတက္ကသိုမိုး (ပါ-၄)	အောင်မြေသာစံ	၆၄	၁၀-၁၀+၁-၁ အစုံမှ (၁၀-၀+၁-၁)မဲ့	၀၂၀၁/ဘ(ခွဲ/ပြောင်း)/၂၀၂၆-၂၀၂၇
၃။	ဒေါ်ဖြူသင်းမိုင် (၉/အမဇ(နိုင်)၀၂၈၃၁၁)၊ ဒေါ်ဝန်းဖြူသင်း (၉/အမဇ(နိုင်)၀၃၉၉၉၃)၊ ဒေါ်နုယဉ်မိုးလိုင် (၉/အမဇ(နိုင်)၀၃၀၀၃၇)၊ ဖောင်ဘုန်းမင်းဆန် (၉/အမဇ(နိုင်)၀၅၆၉၃၄)	၂၈လမ်းနှင့် ၈၀လမ်းကြား၊ ၈၀(စီ)လမ်း၊ ပြည်ကြီးဇင်္ဂါတွယ်အရှေ့	ဦးစန်းမြင့်	ချမ်းအေးသာစံ	၂၅၂	၃၇	၀၂၀၀/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇
၄။	ဒေါ်စန္ဒာဝင်း (၉/မဆန(နိုင်)၀၃၀၅၀၆)	၇၀လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ဗိတ္တရမဟီ	ဦးစိန်ဝင်း	ချမ်းအေးသာစံ	၇၂၆	၃-ဃ+၃-စ	၀၂၀၄/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇
၅။	ဒေါ်စန္ဒာဝင်း (၉/မဆန(နိုင်)၀၃၀၅၀၆)	၇၀လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ဗိတ္တရမဟီ	ဦးစိန်ဝင်း	ချမ်းအေးသာစံ	၇၂၆	၄	၀၂၀၅/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇
၆။	ဦးတော်မင်းမိုင် (၉/အဘ(နိုင်)၀၃၀၅၈၇၀)	ဗိတ္တသုဝဏ်မ၊ စိန်ပန်းလမ်းနှင့် ဟောရည်စိုင်သာလမ်းကြား၊ စိန်ပန်း	ဒေါ်မိမိလွင်(၁)မိမိတော်	ဟထအောင်မြေ	၃၅၂	၉-ငဝ+၁၄-၁+၁၄-၈၂	၀၂၀၂/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇
၇။	ဦးတော်မင်းမိုင် (၉/အဘ(နိုင်)၀၃၀၅၈၇၀)	ဗိတ္တသုဝဏ်မ၊ စိန်ပန်းလမ်းနှင့် ဟောရည်စိုင်သာလမ်းကြား၊ စိန်ပန်း	ဒေါ်မိမိလွင်(၁)မိမိတော်	ဟထအောင်မြေ	၃၅၂	၁၅-၁	၀၂၀၃/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇
၈။	ဦးအောင်ကျော်လင်း (၁၂/လဃတ(နိုင်)၀၁၇၄၇၇)	၇၄လမ်း၊ ၂၄လမ်းနှင့် လမ်း၃၀ကြား၊ ဗိတ္တရမဟီ	ဒေါ်ခင်နွာအောင် (ပါ-၃)	ချမ်းအေးသာစံ	၇၁၅	၁-၁	၀၂၀၅/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇
၉။	ဒေါ်ခင်ဆင် (၉/မရမ(နိုင်)၀၇၁၉၄၃)၊ ဒေါ်မြမြရီ (၉/မရမ(နိုင်)၀၇၂၀၉၀)	၀၁လမ်း၊ ၂၄လမ်းနှင့် ၂၉လမ်းကြား၊ ချမ်းအေးသာစံအရှေ့	ဒေါ်စန္ဒာအောင် (ပါ-၄)	ချမ်းအေးသာစံ	၅၉၃	၂၂	၀၂၀၆/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇
၁၀။	ဦးခဲလင်းအောင် (၉/အအ(နိုင်)၀၀၉၂၀၁)	၉၁လမ်းနှင့် သင်္ကာချောင်းအရှေ့ဝင်္ကလင်းကြား၊ ၂၄လမ်းနှင့် ၂၉လမ်းကြား၊ သိပ္ပံဝေဟာအနောက်	ဒေါ်ခင်ဝင်းဆုံး	ချမ်းအေးသာစံ	၂၂၁	၃	၀၂၀၆/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇
၁၁။	ဦးကျော်ဝင်းထွန်း (၉/မရတ(နိုင်)၀၀၉၃၆)၊ ဒေါ်သင်းသင်းနွယ်(၉/မရတ(နိုင်)၁၁၁၃၉၁)	၀၁လမ်း၊ ၉၃လမ်းနှင့် ၉၄လမ်းကြား၊ ချမ်းမြသာစည်မြောက်	ဒေါ်စိန်စိန်	ဟထအောင်မြေ	၀၄၄	၂၂-က	၀၂၀၇/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

မြေပုံ/မြေရာဇဝင်ရေးကူးခွင့်

ကန့်ကွက်လိုပါက နိုင်ငံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ	လျှောက်ထားသည့်မြေ					လျှောက်ထားသည့်အကြောင်းအရာ
	အမည်/မှတ်ပုံတင်	လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	
၁။	ဦးမျိုးထိုက်လွင် (၁၂/မရက(နိုင်)၀၃၃၂၉၀)	၃၃လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ ပေါရိပ်ပါ	ဒေါ်လှမင်း	ချမ်းအေးသာစံ	၇၀၄	၇	အပေါင်ခံစာချုပ် ချုပ်ဆိုရန်
၂။	ဒေါ်ကြိုင်ကြိုင် (၉/မရမ(နိုင်)၀၅၃၀၁၆)	၄၂လမ်းနှင့် ၄၃လမ်းကြား၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ မဟာမြိုင်(၁)	ဦးသိန်းဝင်း	မဟာအောင်မြေ	၈-၈	၃၉	အပေါင်ခံစာချုပ် ချုပ်ဆိုရန်
၃။	ဒေါ်ရန်ထွေးဆိုင် (၁၃/လရန(နိုင်)၀၅၃၂၂၄)	၆၂လမ်း၊ ၃၅လမ်းနှင့် ၃၆လမ်းကြား၊ မဟာမြိုင်(၂)	ဦးစံဆွာရ်ကြင်(၁)ချန်လွင်(၁)သန်းလွင်	မဟာအောင်မြေ	၀၂-က(အ.န.က)	E-၂	အပေါင်ခံစာချုပ် ချုပ်ဆိုရန်
၄။	ဒေါ်ခင်ကြည်(၉/မရတ(နိုင်)၀၆၆၂၉၀)၊ဒေါ်ညီ(၉/မရတ(နိုင်)၀၆၆၂၀၁)၊ ဒေါ်ပို (၉/မရတ(နိုင်)၀၆၆၂၀၁)	၇၃လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ ဗကြာနွယ်စင်	ဒေါ်ငင့် (ပါ-၅)	ဟထအောင်မြေ	၆၀၆	၁၀	အပေါင်ခံစာချုပ် ချုပ်ဆိုရန်
၅။	ဒေါ်သန်းနု(၁)သန်းသန်းနု (၉/မရတ(နိုင်)၀၃၉၉၉၉)	၁၀၅လမ်းနှင့် ၁၀၆လမ်းကြား၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ ဝေဘင်လမ်	ဦးသန်းစိန်	ချမ်းမြသာစည်	၈၀-၅	၃၅-၁	အပေါင်ခံစာချုပ် ချုပ်ဆိုရန်
၆။	ဒေါ်ဇော်သူဝင်း (၉/မရတ(နိုင်)၁၁၇၆၃၁)၊ ဦးသက်နိုင်အောင် (၉/မရတ(နိုင်)၁၁၇၀၇၄)၊ ဒေါ်ယဉ်ယဉ်မွန် (၉/၁၀၈(နိုင်)၀၁၁၁၁၉)	၀၃လမ်း၊ အ.ပ.ဂ(၃)ကျောင်းအရှေ့ဘက်အနီး၊ တမွတိ	ဦးညွှန့်တင်	ချမ်းမြသာစည်	၄၆၉	၉-က	အပေါင်ခံစာချုပ် ချုပ်ဆိုရန်
၇။	ဒေါ်ဝါဝါတင်မို့ (၁၄/ကလတ(နိုင်)၀၆၂၇၇၀)၊ ဒေါ်ခွန်ခွန်တင်မို့ (၁/ကလတ(နိုင်)၀၀၇၇၂၀)၊ ဒေါ်ဇူးတင်မို့ (၁/ကလတ(နိုင်)၀၉၂၀၄၄)	၆၉လမ်းနှင့် လမ်း၃၀ကြား၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြား၊ မြို့သစ်(၂)	ဒေါ်ထွေးထွေး	ချမ်းမြသာစည်	၁၁-၃	၉၄-က	အပေါင်ခံစာချုပ် ချုပ်ဆိုရန်
၈။	ဒေါ်မြင့်မြင့်သိန်း (၉/မနတ(နိုင်)၀၃၂၅၃၆)	၆၃လမ်းနှင့် ၆၄လမ်းကြား၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြား၊ ကံသာယာ	ဦးကိုကြီး	ချမ်းမြသာစည်	၈၀-၃	၅၉	အပေါင်ခံစာချုပ် ချုပ်ဆိုရန်
၉။	ဒေါ်ဝိုင်ိုင်း (၉/မမတ(နိုင်)၀၇၆၂၀၅)	၅၅လမ်းနှင့် ၅၆လမ်းကြား၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (၀)	ဦးသိန်းထိုက်	မြည်ကြီးတံခွန်	၈၈၁-၄၉	၄၆-၁	အပေါင်ခံစာချုပ် ချုပ်ဆိုရန်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ဂရန်မြေကြော်ငြာစာ

ကန့်ကွက်လိုပါက နိုင်ငံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ	လျှောက်ထားသည့်မြေ					လျှောက်ထားသည့် အကြောင်းအရာ	အမှုတွဲအမှတ်
	အမည်/မှတ်ပုံတင်	လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်		
၁။	ဒေါ်သင်းသင်းမူ(၉/မညန(နိုင်)၀၆၇၃၄၀)	အောက်ကမ်းနားလမ်းနှင့် သင်္ကာချောင်းအနောက်တက်ပတ်လမ်းကြား၊ ၁၃၄လမ်းနှင့် ၁၃၅လမ်းကြား၊ ဒေးဝန်းအနောက်	ဒေါ်သင်းသင်းမူ	ချမ်းအေးသာစံ	၃၂၂၊ ၃၂၃၊ ၃၂၄	၁၀	သက်တမ်းတိုး	၃၁၁၂/၂၀၂၆-၂၀၂၇
၂။	ဒေါ်တင်တင်လှ(၉/မနတ(နိုင်)၀၂၉၀၂၄)၊ဒေါ်မြင့်မြင့်သင်း(၉/မနတ(နိုင်)၀၂၉၀၂၄)၊ ဒေါ်လှလှိုင်(၉/မနတ(နိုင်)၀၀၂၉၆၇)၊ ဒေါ်ခင်ထွေး(၉/မနတ(နိုင်)၀၂၉၀၂၂)	အောက်ကမ်းနားလမ်းနှင့် သင်္ကာချောင်းအနောက်တက်ပတ်လမ်းကြား၊ ၁၃၄လမ်းနှင့် ၁၃၅လမ်းကြား၊ ဒေးဝန်းအနောက်	ဒေါ်တင်တင်လှ (ပါ-၄)	ချမ်းအေးသာစံ	၃၂၂၊ ၃၂၃၊ ၃၂၄	၁၀	သက်တမ်းတိုး	၃၁၁၃/၂၀၂၆-၂၀၂၇
၃။	ဦးနေထွန်း(၁)မောင်လှ (၉/မနတ(နိုင်)၀၁၀၀၀၀၀)၊ ဒေါ်တင်တင်မော် (၉/မနတ(နိုင်)၀၁၀၀၀၀၁)	၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊ မြည်ကြီးဇင်္ဂါတယ်အနောက်	ဦးနေထွန်း(၁)မောင်လှ (ပါ-၂)	ချမ်းအေးသာစံ	၂၀၇	၈-က	သက်တမ်းတိုး	၃၁၁၄/၂၀၂၆-၂၀၂၇
၄။	ဦးမြင့်အောင်(၉/မနတ(နိုင်)၀၁၇၇၀၇)၊ ဒေါ်သန်းသန်းအေး(၉/မနတ(နိုင်)၀၁၇၇၀၀)	၈၉လမ်းနှင့် လမ်း၃၀ကြား၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြား၊ ဒေးဝန်းအရှေ့	ဦးမြင့်အောင် (ပါ-၂)	ဟထအောင်မြေ	၂၉၀	၂၄-၄	သက်တမ်းတိုး	၃၁၂၆/၂၀၂၆-၂၀၂၇
၅။	ဒေါ်နန်းသင်းငြိမ် (၉/၁၀၈(နိုင်)၀၁၀၆၉၄)	၆၉လမ်းနှင့် ၆၅လမ်းကြား၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ မဟာမြိုင်(၁)	ဒေါ်ခင်စောမွန်	မဟာအောင်မြေ	ဥယျာဉ်တန်း(ဂ)	၇-က	အပေါင်ခံစာချုပ်	၃၁၁၇/၂၀၂၆-၂၀၂၇
၆။	ဦးအောင်ခင်ဆင့်(၇/သဓတ(နိုင်)၀၆၄၀၀၆)၊ ဒေါ်ခင်ဌေး(၉/မနတ(နိုင်)၀၁၀၃၀၅)	လမ်း၆၀၊ ၎၁လမ်းနှင့် ၎၂လမ်းကြား၊ မဟာမြိုင်(၂)	ဦးမြင့်တိုး	မဟာအောင်မြေ	၀-၃	၁၀၄	အပေါင်ခံစာချုပ်	၃၁၁၆/၂၀၂၆-၂၀၂၇
၇။	ဒေါ်ဝေဟာမောင်မောင် (၉/၁၀၈(နိုင်)၀၁၀၁၂၆)	၆၃လမ်းနှင့် ၆၅လမ်းကြား၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြား၊ မြို့သစ်(၁)	ဒေါ်ဝေဟာမောင်မောင်	ချမ်းမြသာစည်	၈၁-၆	၉၆-၁၀၆၊	ဦးပိုင်ခွဲ	၃၁၂၄/၂၀၂၆-၂၀၂၇
၈။	ဒေါ်ဝေဟာမောင်မောင် (၉/၁၀၈(နိုင်)၀၁၀၁၂၆)	၆၃လမ်းနှင့် ၆၅လမ်းကြား၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြား၊ မြို့သစ်(၁)	ဒေါ်ဝေဟာမောင်မောင်	ချမ်းမြသာစည်	၈၁-၆	၉၆-၁၀၆၊	ဦးပိုင်ခွဲ	၃၁၂၅/၂၀၂၆-၂၀၂၇
၉။	ဒေါ်အုန်းကြည် (၉/မရမ(နိုင်)၀၀၆၇၀၁)	၆၆(B)လမ်းနှင့် ၁၀၇(A)လမ်းထောင့်၊ ကံသာယာ	ဒေါ်အုန်းကြည်	ချမ်းမြသာစည်	၈၀-၄	၆၁-၁၀၆၊	ဦးပိုင်ခွဲ	၃၁၂၆/၂၀၂၆-၂၀၂၇
၁၀။	ဒေါ်အုန်းကြည် (၉/မရမ(နိုင်)၀၀၆၇၀၁)	၆၆(B)လမ်းနှင့် ၁၀၇(A)လမ်းထောင့်၊ ကံသာယာ	ဒေါ်အုန်းကြည်	ချမ်းမြသာစည်	၈၀-၄	၆၁-၁၀၆၊	ဦးပိုင်ခွဲ	၃၁၃၀/၂၀၂၆-၂၀၂၇
၁၁။	ဦးအောင်ဌေး (၉/မနတ(နိုင်)၀၁၄၆၄၄)	၁၀၃လမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ကံသာယာ	ဦးအောင်ဌေး	ချမ်းမြသာစည်	၀-၃	၁၆၆	တောမမြို့ပြပြင်းထန်သက်တမ်းတိုး	၃၁၃၁/၂၀၂၆-၂၀၂၇
၁၂။	ဒေါ်မြမြမြကြူ (၉/မနမ(နိုင်)၀၉၆၀၇၅)	၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၂လမ်းနှင့် ၁၃လမ်းကြား၊ သင်းနွဲ့ကုန်း	ဒေါ်မြမြမြကြူ	မြည်ကြီးတံခွန်	ညညာ-၄၆	၃	သက်တမ်းတိုး	၃၁၃၀/၂၀၂၆-၂၀၂၇
၁၃။	ဦးသွမ်းဇီ (၇/ကလထ(နိုင်)၀၀၆၆၅၅)	၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြား၊ (၂၀)	ဦးရွှမ်းဇီ	မြည်ကြီးတံခွန်	လလ-၁၄	၁၅	သက်တမ်းတိုး	၃၁၂၂/၂၀၂၆-၂၀၂၇
၁၄။	ဦးကိုကိုကြီး (၉/မရတ(နိုင်)၁၁၅၂၉၉)၊ ဦးဝင်းအောင်ဌေး (၉/မရမ(နိုင်)၀၀၉၀၃၅)	၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြား၊ (၀)	ဦးဝင်းအောင်(၁)တီထက်	မြည်ကြီးတံခွန်	၄၃-၂၂	၄	အပေါင်ခံစာချုပ်	၃၁၃၃/၂၀၂၆-၂၀၂၇
၁၅။	ဦးကျော်ဦး (၁/မကတ(နိုင်)၁၁၂၀၂၄)	၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၁၀၁လမ်းနှင့် ၁၀၂လမ်းကြား၊ (၂၀)	ဒေါ်မြင့်သိန်း	မြည်ကြီးတံခွန်	လလ-၁၇	၂၃	အပေါင်ခံစာချုပ်	၃၁၃၈/၂၀၂၆-၂၀၂၇
၁၆။	ဦးလှထွန်း (၉/အမဇ(နိုင်)၀၁၉၉၃၀)၊ ဦးအောင်နိုင်ထူး (၉/မရမ(နိုင်)၀၉၁၉၅၅)	၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြား၊ (၆၂)	ဒေါ်ဝင်းမာအေး	မြည်ကြီးတံခွန်	၀၀-၅	၁၂	အပေါင်ခံစာချုပ်	၃၁၃၂/၂၀၂၆-၂၀၂၇
၁၇။	ဒေါ်နွယ်နွယ်ထန်း (၁/မညန(နိုင်)၁၁၀၃၀၄)	၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြား၊ (၂၀)	ဒေါ်စန်းစန်းဝေ	မြည်ကြီးတံခွန်	လလ-၂၉	၈၄	အပေါင်ခံစာချုပ်	၃၁၃၄/၂၀၂၆-၂၀၂၇
၁၈။	ဒေါ်သဲထုဇင်ထွန်း (၉/အမရ(နိုင်)၀၄၅၀၀၁)	၆၆-ပြင်းထန်ဆေးရုံကပ် ဗုဒ္ဓဂိုဏ်းဆရာတော်နှင့် ဗုဒ္ဓဂိုဏ်းဘုရားတော်ကြား ဗုဒ္ဓဂိုဏ်	ဒေါ်အေးအေးမြင့်	မြည်ကြီးတံခွန်	၅၉၄	၈၀၄	အပေါင်ခံစာချုပ်	၃၁၃၀/၂၀၂၆-၂၀၂၇
၁၉။	ဒေါ်သဲထုဇင်ထွန်း (၉/အမရ(နိုင်)၀၄၅၀၀၁)	၆၆-ပြင်းထန်ဆေးရုံကပ် ဗုဒ္ဓဂိုဏ်းဆရာတော်နှင့် ဗုဒ္ဓဂိုဏ်းဘုရားတော်ကြား ဗုဒ္ဓဂိုဏ်	ဦးဆွေအောင်ဦး (ပါ-၂)	မြည်ကြီးတံခွန်	၅၉၄	၈၀၁	အပေါင်ခံစာချုပ်	၃၁၃၇/၂၀၂၆-၂၀၂၇

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ပျောက်ဆုံးကြော်ငြင်း

ဦးညီညီမျိုး(၁)ဦးအနုံးရွေ့ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ကလတ(နိုင်)၃၀၆၄၇) ကိုင်ဆောင်သူ၏ Passport No. အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဦးညီညီမျိုး
ဖုန်း ၀၉-၉၄၁၈၂၅၃၃၉

ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၀၉/ရွေးစု)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၀/၇)၊ ဧရိယာ(၂ ဒသမ ၁၇)ဧကရှိ မြေနေရာအား ဦးစိုင်းထွန်းအောင် အမည်ဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၁၂-၂-၂၀၂၀)ရက်စွဲပါစာအမှတ်၊ ၂/၃-၃/ဂျီး ၆(၃၂၀)အရ ဧကပေါ်ငွေသွင်းခဲ့ရာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။

ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၀၉/ရွေးစု)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂၁၂၂၂/၆၀၂၂/၆၉)၊ ဧရိယာ(၈ ဒသမ ၂၅)ဧကရှိ မြေနေရာအား ဦးစိုင်းထွန်းအောင် အမည်ဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၆-၁၁-၂၀၁၈)ရက်စွဲပါစာအမှတ်၊ ၂/၃-၃/ဂျီး ၆(၃၀၄)အရ ကလေးကစားကွင်းနှင့် အယ်ကြေးပြေးယျာဉ် မြေနေရာအဖြစ် လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ရရှိခဲ့သည့် အဆိုပါမြေဧရိယာ(၈ ဒသမ ၂၅)ဧကအနက် ဦးပိုင်အမှတ်(၂၁/၁၊ ၂၂/၁)၊ ဧရိယာ(၁ ဒသမ ၀၁)ဧကရှိ မြေနေရာအား ဦးစိုင်းထွန်းအောင်(၁၃/နခန(နိုင်)၀၃၈၄၄၄)အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန် အသစ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ဒိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။

ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၆၂-က/ကျွန်းဖားမြောက်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၃၆)၊ ဧရိယာ(၂ ဒသမ ၃၆)ဧကရှိ မြေနေရာအား ဦးမိုးကိုဇော် အမည်ဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၅-၃-၂၀၂၆)ရက်စွဲပါစာအမှတ်၊ ၉/၁-၁၇၆၃ ၆(၂၀၃)အရ စက်ပစ္စည်းထားရန်ဂိုဒေါင်နှင့် ဝန်ထမ်းများနေဆောင် မြေနေရာအဖြစ် အသုံးပြုရန် လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ရရှိခဲ့သည့် အဆိုပါမြေနေရာအား ဦးမိုးကိုဇော်(၁/မရက(နိုင်)၀၀၁၁၆၈)အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန် အသစ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ဒိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။

ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၀၉/ရွေးစု)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂၁၂၂၂/၆၀၂၂/၆၉)၊ ဧရိယာ(၈ ဒသမ ၂၅)ဧကရှိ မြေနေရာအား ဦးစိုင်းထွန်းအောင် အမည်ဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၆-၁၁-၂၀၂၀)ရက်စွဲပါစာအမှတ်၊ ၂/၃-၃/ဂျီး ၆(၃၀၄)အရ ကလေးကစားကွင်းနှင့် အယ်ကြေးပြေးယျာဉ် မြေနေရာအဖြစ် လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ရရှိခဲ့သည့် အဆိုပါမြေဧရိယာ(၈ ဒသမ ၂၅)ဧကအနက် ဦးပိုင်အမှတ်(၂၁/၁၊ ၂၂/၁)၊ ဧရိယာ(၁ ဒသမ ၀၁)ဧကရှိ မြေနေရာအား ဦးစိုင်းထွန်းအောင်(၁၃/နခန(နိုင်)၀၃၈၄၄၄)အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန် အသစ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ဒိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။

ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကြာနီကန်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၅၈/ကုလားမတောင်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂၀/၁)၊ ဧရိယာ(၁ ဒသမ ၄၇)ဧကရှိ မြေနေရာအား ဦးမျိုးလိုင်ဦး အမည်ဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၇-၁-၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၂/၃-၃/ဂျီး ၆(၀၄၄)အရ အဆင့်မြင့်ဆန်စက်နှင့် ဆန်ဝယ်ပါးသိုလှောင်ရုံ မြေနေရာအဖြစ် လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ရရှိခဲ့သည့် အဆိုပါမြေနေရာအား ဦးမျိုးလိုင်ဦး(၉/မနမ(နိုင်)၀၉၇၉၀၁)၏ အထူးကိုယ်စားလှယ်လွဲစာလွှဲအခြင်းခံရသူ ဒေါ်ခင်စောလှိုင်(၉/မနမ(နိုင်)၁၁၉၆၁၂)ထံမှ ဦးဆေးမင်းစိုးနှင့် ဒေါ်သွယ်သွယ်ဝင်းတို့ (၂)ဦးသည် ပုသိမ်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးခံစာချုပ်အမှတ်(၀၈၂/၂၀၂၆)အရ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဦးအေမင်းစိုး(၉/မနမ(နိုင်)၀၉၈၁၇)နှင့် ဒေါ်သွယ်သွယ်ဝင်း(၉/မခန(နိုင်)၀၀၅၉၉၇)တို့ (၂)ဦး အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန် အသစ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ဒိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။

ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၀၉/ရွေးစု)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂၁၂၂၂/၆၀၂၂/၆၉)၊ ဧရိယာ(၈ ဒသမ ၂၅)ဧကရှိ မြေနေရာအား ဦးစိုင်းထွန်းအောင် အမည်ဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၆-၁၁-၂၀၂၀)ရက်စွဲပါစာအမှတ်၊ ၂/၃-၃/ဂျီး ၆(၃၀၄)အရ ကလေးကစားကွင်းနှင့် အယ်ကြေးပြေးယျာဉ် မြေနေရာအဖြစ် လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ရရှိခဲ့သည့် အဆိုပါမြေဧရိယာ(၈ ဒသမ ၂၅)ဧကအနက် ဦးပိုင်အမှတ်(၂၁/၁၊ ၂၂/၁)၊ ဧရိယာ(၁ ဒသမ ၀၁)ဧကရှိ မြေနေရာအား ဦးစိုင်းထွန်းအောင်(၁၃/နခန(နိုင်)၀၃၈၄၄၄)အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန်အသစ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ဒိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။

အမျှားသိမ်းခရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁)၊ ဦးပိုင်နံပါတ်(၂၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧကာ၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးအုန်းရွေ့ အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုထန်ဒကတိပြုသူ ဒေါ်တင်တင်လှ(၁၁)ဦးခင်မောင်စိန်(၉/အမရ(နိုင်)၀၈၄၅၁၃၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဒိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-
ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ
ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ
ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ
ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ
ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ
ဒေါ်ဝူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ
အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၉၄၄၄၊ ၀၉-၄၀၂၅၉၅၀၂၂၊ ၀၉-၄၄၄၀၀၆၅၅၄

ကြော်ငြာစာ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ ပြည်ကြီးမျက်ရှင်ဃာဉ်ရှုပ်နှားစခန်းမှ အောက်ဖော်ပြပါပုဂ္ဂိုလ်သည် အမည်ပြောင်းခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားစာရွက်စာတမ်းအပြည့်အစုံနှင့်တကွ အခွန်ဌာနသို့ လာရောက်ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အမည်ပြောင်းခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	မူလအမည်	ပြောင်းရန်အမည်	အဆောင်/အခန်း
(က)	ဦးစည်သူအောင်	ဦးနိုင်နိုင်ထွေး	လူနေစားသောက်ခန်းအမှတ်(A-3)

အခွန်ဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ ပြည်ကြီးမျက်ရှင်ရောင်းဝယ်ရေးစခန်းမှ အောက်ဖော်ပြပါပုဂ္ဂိုလ်သည် အမည်ပြောင်းခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားစာရွက်စာတမ်းအပြည့်အစုံနှင့်တကွ အခွန်ဌာနသို့ လာရောက်ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အမည်ပြောင်းခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	မူလအမည်	ပြောင်းရန်အမည်	အဆောင်/အခန်း
(က)	ခေါ်တင်မိုးနိုင်	ဦးကိုကို	ဆိုင်ခန်းအမှတ်(၁၄၊ ၁၅)

အခွန်ဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အမျှားသိမ်းခရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(၀၀-၂၀)၊ ဦးပိုင်အမှတ်(၁၆)၊ မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ခေါ်ဝင်းမြင့် အမည်ဖြင့် နှစ်(၃၀) ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်၏ (တောင်ဘက်အရှေ့နံဆုံးအခြမ်း၏ ကပ်လျက် မြောက်ဘက်ပိုင်း) (၁၅×၄၅)ပေ အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဆန်းဌေး(ဘ)ဦးပိန်(စ/မနန(နိုင်)၂၂၃၃၃၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဒိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်နိုင်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ
ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) (တရားလွှတ်တော်ရှေ့နေများ)
